ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့၊ (7-4-2005) (၄၅၆၁)

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအို၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး လာအို၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန်　　ဧပြီ　　၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့နံနက် စနာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအို၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၇-၆-၂၀၀၅
(ကြာသပတေးနေ့)

နိုင်ငံတော်နှင့် ပြည်သူများအပေါ် စေတနာကောင်းထား စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင်ကြိုးပမ်း

နိုင်ငံတော် အစိုးရသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးကို အလေးထားသည်နှင့်အညီ အမျိုးသားရေးစွမ်းအားစုများ၊ နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များ၏ စွမ်းအားကို စုစည်းရယူပြီး နိုင်ငံတော်ကြီးအဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းအကောင်အထည်ဖော်နေသည်။

မြန်မာနိုင်ငံသည် ရေမြေရာသီဥတုကောင်းမွန်ပြီး စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ထွန်းသည့် နိုင်ငံဖြစ်သည့်အပြင် သဘာဝသယံဇာတများ ပေါများကြွယ်ဝသော နိုင်ငံဖြစ်ရာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ပေါင်းစည်းကြိုးပမ်းနိုင်သည်နှင့်အမျှ နိုင်ငံတော်ကြီးအဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် တနင်္သာရီတိုင်း ခရီးစဉ်အတွင်း ဧပြီလ ၄ ရက်နေ့က မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ခန်းမဆောင်၌ တနင်္သာရီတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆီအုန်းနှင့်ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ရာ၌ တိုင်းပြည်၏ စီးပွားရေး အင်အားတောင့်တင်းခိုင်မာလာအောင် တာဝန်သိသိဖြင့် ကြိုးစားလုပ်ကိုင်နေသော တိုင်းရင်းသားလုပ်ငန်းရှင်များကို တစ်လေ့တည်းစီး၊ တစ်ခရီးတည်းသွားနေကြသော လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များအဖြစ် မိမိတို့က သဘောထားကြောင်း၊ နိုင်ငံတော်က ယုံကြည်စိတ်ချစွာ တာဝန်ပေးအပ်ထားသော စီးပွားရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် လုပ်ငန်းရှင်များအပိုင်းက ဖိဖိစီးစီး ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း** လမ်းညွှန်မိန့်ကြားခဲ့သည်။

တနင်္သာရီတိုင်းသည် ရေ၊ မြေ၊ သစ်တော၊ သတ္တုစသည့် သယံဇာတများရှိပြီး ကြိုးစားလုပ်ကိုင်လျှင် လုပ်ကိုင်သလောက် တိုးတက်လာနိုင်သည့် အခြေခံကောင်းများ ပြည့်ပြည့်စုံစုံရှိကြောင်း တွေ့ရသည်။

စိုက်ပျိုးရေးကဏ္ဍကိုကြည့်လျှင် စိုက်ပျိုးမြေဧရိယာဧက ခုနစ်သိန်းကျော်သာရှိနေသေး၍ နောက်ထပ်တိုးချဲ့စိုက်ပျိုးရန် မြေလွတ်၊ မြေရိုင်းများစွာ ကျန်ရှိနေပေသည်။ ထို့ကြောင့် စိုက်ဧကတိုးချဲ့၍ဖြစ်စေ၊ တစ်ဧကအထွက်နှုန်းတိုးတက်စေရန် ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ဒေသဆန်ဖူလုံရုံသာမက ပိုလျှံသည်အထိ စိုက်ပျိုးထုတ်လုပ်နိုင်သည့် အလားအလာရှိပေသည်။

ယခုအခါ မိုးစပါးဧက ၃ ဒသမ ၂ သိန်းကျော်၊ ဆီအုန်းဧက ၁၃၀၀၀၀ ကျော်၊ ရော်ဘာ ၁၀၈၀၀၀ ကျော်နှင့် ငရုတ်ကောင်းဧက ၂၅၀၀၀ ကျော် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်၌ စားသုံးဆီများကို နှစ်စဉ်ဝယ်ယူတင်သွင်းနေရရာ ဆီအုန်းများ တိုးချဲ့စိုက်ပျိုးလာခြင်းဖြင့် စိုက်ပျိုးသူများလည်း အကျိုးရှိသည့် အပြင် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပိုမိုအကျိုးပြုလာနိုင်မည်ဖြစ်သည်။ ထို့အပြင် ပြည်တွင်း၊ ပြည်ပဈေးကွက်ရှိနေသော ရော်ဘာကိုလည်း လက်ရှိဧကတစ်သိန်းကျော် စိုက်ပျိုးနေရာမှ ဧက နှစ်သိန်းကျော်အထိ တိုးချဲ့စိုက်ပျိုးရန်အားထုတ်ကြရမည် ဖြစ်သည်။

တနင်္သာရီတိုင်းသည် ရေ၊ မြေသဘာဝအခြေအနေကောင်းမွန်မှုများအရ ဆီအုန်းလုပ်ငန်း၊ ရော်ဘာလုပ်ငန်း၊ ငါး၊ ပုစွန်ထုတ်လုပ်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပြု၍ နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုသွားရန် တာဝန်ပေးအပ်ထားပြီးဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အတ္တဟိတနှင့် ပရဟိတအကျိုးကို ရှေးရှုပြီး နိုင်ငံတော်နှင့် ပြည်သူများအပေါ် စေတနာ ကောင်းထား၍ နိုင်ငံတော်က ယုံကြည်စိတ်ချစွာ တာဝန်ပေးအပ်ထားသော စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရှမ်းပြည်နယ်(တောင်ပိုင်း)သစ်ပင်ပျိုးပွဲတော်နေ့ အခမ်းအနားကျင်းပ အေးသာယာမြို့သစ်တည်ဆောက်ရေးလုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်စစ်ဆေး

ရန်ကုန် ဧပြီ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) သစ်ပင်ပျိုးပွဲတော်နေ့ အခမ်းအနားကို ဧပြီ ၁ ရက် နံနက်ပိုင်းက ကလောမြို့နယ် ဟဲဟိုးသစ်တောပျိုးဥယျာဉ်၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပေးအပ်

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားပြီး ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအုန်းဝင်းက သစ်ပင်ပျိုးပွဲတော်နေ့အကြောင်းကို ရှင်းလင်းတင်ပြ၍ တိုင်းမှူးနှင့် တာဝန်ရှိသူများအား သစ်ပင်ပျိုးပွဲတော်နေ့ အထိမ်းအမှတ် အလံများကို ပေးအပ်သည်။

စိုက်ပျိုး

ယင်းနောက်တိုင်းမှူးနှင့်တက်ရောက်လာကြသူများသည် သတ်မှတ်ပျိုးဘောင်များတွင် သစ်စေ့မျိုးစေ့များကို တိုက်ရိုက်အစေ့ချ စိုက်ပျိုးပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် တိုင်းမှူးသည် အေးသာယာမြို့သစ် အေးသာယာ–ညောင်ရွှေ ကားလမ်းပေါ်ရှိ တံတားအမှတ် (၁/၂)သို့ သွားရောက်၍ တံတားတည်ဆောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ တံတားသည် အရှည်ပေ ၄၀၊ အကျယ်ပေ ၃၀ ရှိပြီး သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။

ယင်းနောက် တိုင်းမှူးသည် အေးသာယာ စက်မှုဇုန်ရှိ သံရည်ကျိုစက်ဆောက်လုပ်ရေး စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၆

၂၀၀၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်း ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာဒီဂျစ်တယ်ပိုစတာပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ကာတွန်းပြိုင်ပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီနှင့် ပန်းချီပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတို့တွင် အထက(၂)လသာ မြညီလာခန်းမ၌လည်းကောင်း၊ ပိုစတာပြိုင်ပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီတွင် အထက(၂) လသာ မြညီလာခန်းမ၌လည်းကောင်း ပြုလုပ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲအဆင့်

ပြိုင်ပွဲတွင် အသက်(၁၀)နှစ်အောက်၊ အသက်(၁၀)နှစ်မှ (၁၅)နှစ်အောက်၊ အသက်(၁၅)နှစ်မှ အသက်(၂၀)အောက်နှင့် အသက်(၂၀)အထက်ဟူ၍ ပြိုင်ပွဲအဆင့်များ ခွဲခြားထားသည်။ ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၂၂ ရက် နံနက်၉နာရီတွင်လှိုင်မြို့နယ်ကွန်ပျူတာတက္ကသိုလ်၌ ပြုလုပ်သွားမည် ဖြစ်ပြီး အလယ်တန်း(၅၊ ၆၊ ၇)နှင့် အထက်တန်း (၈၊ ၉၊ ၁၀) ဟူ၍ ခွဲခြားကျင်းပသွားမည်ဖြစ်သည်။

ယှဉ်ပြိုင်နိုင်

ကွန်ပျူတာ ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲကို အသက်(၁၅)နှစ် အထက်မည်သူမဆို ဝင်ရောက် ယှဉ်ပြိုင်နိုင်သည်။

ပြန်လည်ပေးပို့

ပြိုင်ပွဲဝင်လျှောက်လွှာပုံစံများကို မေ ၁ ရက်မှ ၇ ရက်အတွင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး၊ ကျောက်တံတားမြို့နယ် ဘဏ်လမ်း စုပေါင်းရုံး မြေညီထပ်ရှိ တကယ့်ဖြစ်ရပ်မှန် မူခင်းဂျာနယ်ရုံးနှင့် သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများတွင် ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို မေ ၈ ရက်မှ ၁၄ ရက်အတွင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးသို့ အချိန်မီ လူကိုယ်တိုင် ပြန်လည်ပေးပို့ကြရန် ဖြစ်သည်။

ပူးတွဲတင်ပြ

အသက်အထောက်အထားအတွက် ကျောင်းသား၊ ကျောင်းသူများသည် သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးများ၏ ထောက်ခံချက်ကို လည်းကောင်း၊ ကျောင်းသား၊ကျောင်းသူ မဟုတ်သူများသည် သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဌာနမှ ထုတ်ပေးသည့် အိမ်ထောင်စုစာရင်းမိတ္တူ (အမျိုးသားမှတ်ပုံတင်လက်မှတ်မိတ္တူ)၊ ပတ်စပို့ဓာတ်ပုံ(၃)ပုံ တို့ကိုပါ လျှောက်လွှာနှင့်တစ်ပါတည်း ပူးတွဲ တင်ပြကြရန်ဖြစ်သည်။

သတင်းပို့ရန်

လျှောက်လွှာတင်သွင်းသည့်နေ့တွင် ပြိုင်ပွဲဝင်များအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ကတ်ပြားကိုလည်း ထုတ်ပေးမည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်သည့်နေ့တွင် သက်ဆိုင်ရာ ကတ်ပြား တစ်ပါတည်း ယူဆောင်လာရန်၊ ကွန်ပျူတာဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲဝင်များသည် ပြိုင်ပွဲဝင်ပုံစံအပြင် နောက်ဆက်တွဲ “ က ”ပါ ပုံစံဖြင့် ထပ်မံတင်သွင်းပြီး Floppy Disk နှစ်ချပ်ကူးယူ၍ မေ ၂၃ ရက်အရောက် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးသို့ လူကိုယ်တိုင် လာရောက်ပေးပို့ရန်နှင့် ပြိုင်ပွဲဝင်သူများသည် ပုံဆွဲစက္ကူများ ယူဆောင်လာရန် မလိုအပ်ဘဲ ကြိုက်နှစ်သက်ရာ စုတ်တံနှင့် ဆေးများ ယူဆောင်လာရန်၊ ကွန်ပျူတာပန်းချီပြိုင်ပွဲဝင်သူများသည် ကြိုတင်လေ့လာနိုင်ရန် တစ်ရက် ကြိုတင်၍ မေ ၂၁ ရက် နံနက် ၈ နာရီ တွင် ကွန်ပျူတာတက္ကသိုလ်သို့ လာရောက်သတင်းပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

သင်တန်းဆင်းပွဲနှင့် အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံစာရင်းကောင်စီ ဒီပလိုမာစာရင်းကိုင်သင်တန်း (ပထမပိုင်း) သင်တန်းဆင်းပွဲနှင့် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ၊ စာရင်းကိုင် အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ကထိကများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ၊ စာရင်းကိုင် အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယ စာရင်းစစ်ချုပ် ဒေါ်သင်းသင်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ဒလမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ ပူးပေါင်း၍ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မတ် ၃၁ ရက်က မြို့နယ်အသင်းခန်းမ၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးမိုးမြင့်က အသင်းဝင်တစ်ဦးအား စိစစ်ရေးကတ်ပြားပေးအပ်စဉ်။

(လဝက)

✧ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံး၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးနှင့် ကမ္ဘောဒီးယားနိုင်ငံသံရုံးများမှ သံရုံးယာယီ တာဝန်ခံများနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက် ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သမဝါယမဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

လာအို၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးနှင့် ကမ္ဘောဒီးယားနိုင်ငံသံရုံး များမှ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (ယာပုံနှင့်အောက်ပုံ)
(သတင်းစဉ်)

ဓမ္မဝိဟာရီ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၆

မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက် ဓမ္မဝိဟာရီကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဝိသာရဒ(သာသနာဓဇ ဓမ္မာစရိယ ပရိယတ္တိ သဒ္ဓမ္မာနုဂ္ဂဟ ဓမ္မာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၁ရက်မှ ၁၇ရက်(နှစ်ဆန်းတစ်ရက်)အထိ ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများ ဖုန်း-၆၉၉၇၇၀၊ ၆၉၉၅၃၉ နှင့် ၆၉၉၇၄၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

အထက(၁)စမ်းချောင်း အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၆

၁၉၆၅-၁၉၈၀ပြည့်နှစ်အထိ ပညာသင်ကြားပေးခဲ့သော စမ်းချောင်း အထက (၁)မှ ဆရာ၊ ဆရာမကြီးများအား (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁)စမ်းချောင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အာစရိယပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဆရာဦးသိန်းမြင့် ဖုန်း-၂၄၃၇၄၈၊ ဦးညွန့်သန်း ဖုန်း-၅၀၁၉၁၉၊ ဦးလှအောင်ရွှေ (ရွှေမိသားစု) ဖုန်း-၅၀၂၆၈၀၊ ၅၀၂၆၈၂၊ ၅၀၃၇၁၆၊ ဦးသက်ဦး ဖုန်း-၂၄၂၄၂၄၊ ဦးမောင်မောင်ဌေး ဖုန်း-၅၂၆၃၆၂၊ ဦးစိုးနိုင်(အေးမေတ္တာကားပစ္စည်းဆိုင်၊ တောင်ဥက္ကလာပ)ဖုန်း-၅၆၅၈၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။
(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၈) ဖြန့်ချိ

ရန်ကုန် ဧပြီ ၆

ဒို့ကျေးရွာဂျာနယ်သည် ကျေးလက်နေပြည်သူများဘဝ တိုးတက်စေရန် ရည်မှန်းကြိုးပမ်းလျက်ရှိသည်။ ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၂) အမှတ်(၈)တွင် အဖေ့ရွာသင်္ကြန် ခရီး၊ ထူးခြားလေးနက်သောမြတ်နိုးဖွယ်ရာပွဲတော်၊ မိုးကြိုး ထယ်ရေး၊ သီးညွန့်ဝေဖြာဘူးစိုက်ပါ၊ ကျေးလက် ဝက်မွေးမြူ ရေး၊ တောပင်ကိုတော်တော်ခုတ်ကြပနှင့် ကျေးရွာ၏ ပညာမီးခြစ်စစ်စစ် စသည့် ဆောင်းပါးများအပြင် ဟာသ၊ ကာတွန်း၊ အနုပညာသတင်း၊ ကုန်ဈေးနှုန်း၊ မိုးလေဝသ၊ ဗေဒင်နှင့်အခြားဗဟုသုတရဖွယ် ကဏ္ဍများကို ဖတ်ချင်စဖွယ် ဝေဝေဆာဆာဖြင့် ထည့်သွင်းဖော်ပြထားသည်။ **(ယာပုံ)**

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့်ကြော်ငြာများကို အမှတ်(၃၀-၃၂)(၁၀)လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၂၊ ၂၅၂၄၅၂ နှင့် ၃၇၉၇၆၈ တို့သို့ ဆက်သွယ် ပေးပို့နိုင်သည်။ (သတင်းစဉ်)

မဟာသင်္ကြန်ရက်များအတွင်း အမြန်ချောပို့လုပ်ငန်းဖွင့်ထားမည် အကြတ်နေ့၌ ရိုးရိုးစာနှင့် ကြေးနန်းစာဝေမည်

ရန်ကုန် ဧပြီ ၆

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ မြန်မာသက္ကရာဇ် ၁၃၆၆ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း မဟာသင်္ကြန်အကြတ်နေ့ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၆၆ခုနှစ် နှောင်းတန်ခူး လဆန်း ၇ရက်၊ ဧပြီ ၁၅ရက်(သောကြာနေ့)တွင် အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ ရိုးရိုးစာဝေလုပ်ငန်းများနှင့် ကြေးနန်းစာဝေလုပ်ငန်း များကို နားရက်မယူဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အမြန်ချောပို့လုပ်ငန်း ကိုမူ မဟာသင်္ကြန်ရက်များအတွင်း ပိတ်ရက်မရှိ နေ့စဉ် ဖွင့်လှစ်ဆောင်ရွက် ပေးသွားမည်ဖြစ်သည်။

အဆိုပါရက်များအတွင်း ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြ သည့် စာပို့လုလင်များ၊ ကြေးနန်းပို့လုလင်များကို ရေပက်ကစားခြင်း မပြုလုပ်ကြ ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မေတ္တာရပ်ခံထားသည်။ (သတင်းစဉ်)

အိုင်တီပညာဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးမည်

ရန်ကုန် ဧပြီ ၆

IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) က ကြီးမှူး၍ "Wireless LANs" အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၉ရက် မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီ အထိ လှိုင်မြို့နယ် MICT Park Function Hall ၌ (Global Technology Co, Ltd) မှ Technical Director ဦးကျော်ဇေယျက ဆွေးနွေး မည်ဖြစ်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းဝင်များ၊ IT ပညာရှင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက် နားထောင် ဆွေးနွေးနိုင်သည်။ အသေး စိတ် သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူ တာပညာရှင်အသင်း ရုံးခန်း ဖုန်း- ၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင် သည်။ (သတင်းစဉ်)

လုပ်ခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု သင်တန်းတက်ရောက်ရန် ခေါ်ယူ

ရန်ကုန် ဧပြီ ၆

ပညာရေးကောလိပ်များတွင် ဩဂုတ် ၁၂ရက်မှစ၍ တစ်နှစ်ကြာဖွင့်လှစ်မည့် လုပ်ခွင်အကြို ဆရာ အတတ်ပညာ ကျွမ်းကျင်မှုသင်တန်း (PTECT) အမှတ်စဉ်(၂/၂၀၀၅)သို့ တက်ရောက်လိုသူများသည် သတ်မှတ်ပုံစံများတွင် ဖြည့်စွက်၍ မေ ၂၀ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများသို့ ပေးပို့လျှောက်ထား ရမည်ဖြစ်သည်။

လျှောက်ထားသူသည် ဘွဲ့တစ်ခုခုရရှိပြီး အသက်(၃၀)နှစ်ထက်မကြီးသူဖြစ်ရမည်ဖြစ်သည်။ ဒေသမရွေး သွားရောက် တာဝန်ထမ်းနိုင်သူကို ဦးစားပေးမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုသည့်အချက်များအား သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်သည်။ (သတင်းစဉ်)

အင်းစိန် အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း အထက(ခွဲ)၏ သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို ဧပြီ ၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသိန်းဌေး စတုတ္ထတန်း ကျောင်းသူ မရတနာခင်ခင်ကိုအား လက်မှတ်ပေးအပ်စဉ်။
(က-ပ)



ဧပြီ ၂ရက်က ရာမာဒီမြို့ရှိ အမေရိကန် ကင်းစခန်းအနီး ကားဗုံးခွဲ တိုက်ခိုက်ခံရသဖြင့် ပျက်စီးသွားသော အပျက်အစီးများကို အီရတ်ပြည်သူများ ကြည့်ရှုနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဧပြီနှင့်မေလအတွင်း အာကာသယာဉ်လေးစင်း ရုရှားလွှတ်တင်မည်

မော်စကို ဧပြီ ၅

ရုရှားနိုင်ငံသည် လူလိုက်ပါသော အာကာသမစ်ရှင်ခရီးစဉ်တစ်ရပ်ကို ဧပြီလတွင်လည်းကောင်း၊ လူလိုက်ပါခြင်းမရှိသော အာကာသယာဉ်သုံးစင်းကို မေလတွင်လည်းကောင်းစေလွှတ်မည်ဖြစ်ကြောင်း ရုရှားအာကာသရေးရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

ဆိုယုဇ်အာကာသယာဉ်သည် နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ်တွင် တာဝန်ထမ်းဆောင်မည့် အာကာသယာဉ်မှူးများကို ပို့ဆောင်ပေးမည်ဖြစ်သည်။ ဆိုယုဇ်အာကာသယာဉ်သည် ဧပြီ ၁၅ ရက်တွင် ကာဇက်စတန်နိုင်ငံ ဘေကိုနူ ဒုံးပျံလွှတ်တင်ရေးစခန်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဆိုယုဇ်ယာဉ်နှင့် လိုက်ပါသွားမည့် အာကာသယာဉ်မှူးများသည် နိုင်ငံတကာ အာကာသစခန်းယာဉ်တွင် လွန်ခဲ့သည့်နှစ် အောက်တိုဘာလလယ်မှစ၍တာဝန်ထမ်းဆောင်နေသော ရုရှားအာကာသယာဉ်မှူး ဆာလီဇန်ရှာရီပေါ့ဗ်နှင့် နာဆာအာကာသယာဉ်မှူး လာရွိုင်းချီယာယိုတို့၏ နေရာတွင် အစားထိုးမည်ဖြစ်သည်။

အမိုးသဟဲပြု

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က အမေရိကန်ကိုလံဘီယာ လွန်းပြန်ယာဉ် ပျက်ကျမှု ဖြစ်ပွားခဲ့ချိန်နောက်ပိုင်း နိုင်ငံတကာအာကာသစခန်းယာဉ်နှင့် ကမ္ဘာတို့အကြား ဆက်သွယ်ရန် ဆိုယုဇ်အာကာသယာဉ်ကိုသာလျှင် အမိုးသဟဲပြုနေရသည်။

ရုရှားအာကာသ အေဂျင်စီသည် မေလအတွင်း လူလိုက်ပါခြင်း မရှိသော ဒုံးပျံယာဉ်သုံးစင်းကို စေလွှတ်ရန် စီစဉ်ထားရာ မေ ၂ ရက်တွင် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးပါရှိသော ပရိုတွန်ရော့ကက်ဒုံးပျံကိုလည်းကောင်း၊မေ ၂၇ ရက်တွင် အာကာသသုံး စက်ကိရိယာအချို့ပါရှိသော အာရ်အက်စ်-၂၀ ဒုံးပျံယာဉ်ကိုလည်းကောင်း၊ မေ ၃၁ ရက်တွင် အာကာသစပေ့စ်ရှစ် ယာဉ်တစ်စင်းကို တင်ဆောင်ထားသော ဆိုယုဇ်ဒုံးပျံယာဉ်ကို လည်းကောင်း ပစ်လွှတ်ရန် စီစဉ်ထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ထိုင်းလေကြောင်းလိုင်း မေလမှစ၍ လေယာဉ်ခ တက်မည်

ဗန်ကောက် ဧပြီ ၅

ထိုင်းနိုင်ငံ၏အမျိုးသားလေကြောင်းလိုင်းဖြစ်သော ထိုင်းအဲယားဝေးအင်တာနေရှင်နယ် ကုမ္ပဏီသည် လေယာဉ်လက်မှတ်ခများကို မေလဆန်းမှစ၍ လက်မှတ်တစ်စောင်လျှင် ငါးဒေါ်လာကျစီ ဈေးနှုန်းတက်ရန် သတ်မှတ်ထားသည်။

မျှော်မှန်းထား

လောင်စာဈေးနှုန်းများ တက်၍ လေယာဉ်လက်မှတ်ခ ဈေးနှုန်းများ တက်ရခြင်း ဖြစ်သည်ဟု ဆိုသည်။ ဂျက်လေယာဉ်လောင်စာခများ တက်လာသည့်အတွက် စရိတ်တက်လာသည့်အခြေအနေကို ကာမိစေရန် လက်မှတ်ခဈေးတက်ရခြင်းဖြစ်ကြောင်း ထိုင်းလေကြောင်းလိုင်းမှ ထိပ်တန်းတာဝန်ရှိသူကပြောကြားသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လေကြောင်းလိုင်းသည် ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၃သမ၅သန်းပိုမိုရရှိမည်ဟု မျှော်မှန်းထားသည်။ ယင်းပိုငွေသည်လောင်စာစရိတ် တက်လာသည်ကို ကာမိစေမည်ဟုဆိုသည်။

လေကြောင်းလိုင်းအားလုံးနီးပါးသည် လေယာဉ်လောင်စာဆီ ဈေးတက်လာသည်ကို အကြောင်းပြု၍ လက်မှတ်ခဈေးနှုန်းများတင်ခဲ့ကြပြီး ဖြစ်ကြောင်း ထိုင်းလေကြောင်း၏ ဥက္ကဋ္ဌ ခနောက်ဂ် အဗ်ဟီရာဒီက ရှင်းလင်းပြောကြားသည်ကို ကိုးကား၍ ထိုင်းသတင်းအေဂျင်စီက မတ် ၃၀ရက်သတင်းတွင် ဖော်ပြခဲ့သည်။

သုံးနှစ်ရှိ

ထိုင်းလေကြောင်းလိုင်းသည်လုပ်ငန်းကုန်ကျစရိတ်သက်သာရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် နည်းလမ်းပေါင်းများစွာကို ကျင့်သုံးပြီး လုပ်ငန်းလည်ပတ်လျက်ရှိသည်။ထိုလေကြောင်းလိုင်းသည် ဝန်ထမ်းများကို လစာတိုးပေးနိုင်ခြင်းမရှိသည်မှာ သုံးနှစ်ပင်ရှိပြီဖြစ်ကြောင်း သတင်းများအရ သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်မှ အီတလီတပ်ဖွဲ့ ရုပ်သိမ်းမည် ဝန်ကြီးချုပ် ဘာလူစကိုနီ ထုတ်ပြန်ကြေညာ

ရောမ ဧပြီ ၄

အီရတ်နိုင်ငံတွင် ဖြန့်ကြက်ထားသည့် အီတလီတပ်ဖွဲ့ဝင် ၃၀၀၀ မှ တပ်ဖွဲ့ဝင် ၃၀၀ ကို ပထမဆုံး အသုတ်အဖြစ် ပြန်လည်ရုပ်သိမ်းရန် အီတလီအစိုးရက စီစဉ်နေကြောင်း ဝန်ကြီးချုပ် ဘာလူစကိုနီက ကြာသပတေးနေ့က ထုတ်ပြန်ကြေညာသည်။

အီတလီတပ်ဖွဲ့ဝင်၃၀၀ ကို စက်တင်ဘာလကုန်တွင် ပြန်လည်ရုပ်သိမ်းရန် အစီအစဉ်ရှိကြောင်း ဘာလူစကိုနီက နိုင်ငံပိုင် ရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

လိုအပ်နေ

ယင်းကိစ္စနှင့် ပတ်သက်၍ အီရတ်ရှိ အမေရိကန်ဦးဆောင် အပေါင်းပါတပ်ဖွဲ့များနှင့် အီရတ်အစိုးရတို့၏ သဘောထား ရရှိရန် လိုအပ်နေသေးကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

စီစဉ်

အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဩဂုတ်လကုန်တွင် လေ့ကျင့်ရေးသင်တန်း ပြီးဆုံးမည်ဖြစ်ပြီး အီရတ်နိုင်ငံ၏ တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းနိုင်စွမ်း ရှိသဖြင့် အီတလီအစိုးရက ယင်းသို့ စီစဉ်ရခြင်းဖြစ်ကြောင်း ဘာလူစကိုနီက ပြောကြားသည်။

အီရတ်နိုင်ငံတွင် ပြည်ပတပ်ဖွဲ့ဝင်များ လိုအပ်သည်ထက်ပင် ပိုနေသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဧပြီလတွင် ကျင်းပရန် စီစဉ်ထားသည့် ဒေသဆိုင်ရာ ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်များအားဆွယ်သည့်အနေဖြင့် ဘာလူစကိုနီ၏ ကြေညာချက်ထွက်ပေါ်လာခြင်း ဖြစ်ကြောင်း အများက ရှုမြင်လျက်ရှိကြသည်။

မြင့်တက်လာ

အီတလီ ပြည်သူလူထုအများစုက အီရတ်တွင် အီတလီ တပ်ဖွဲ့များဖြန့်ကြက်ထားမှုအပေါ် ဆန့်ကျင်နေကြပြီး ထောက်လှမ်းရေး အရာရှိတစ်ဦး အမေရိကန်တပ်ဖွဲ့ဝင်များ၏ လက်ချက်ဖြင့် သေဆုံးခဲ့ရပြီးနောက် အီတလီတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးကို ပြည်တွင်းက တောင်းဆိုမှုသည် မြင့်တက်လာခဲ့ပြီဖြစ်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

ပြောက်ကျားများ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဘဂ္ဂဒက်တွင်သေဆုံး

ဘဂ္ဂဒက် ဧပြီ ၄

ပြောက်ကျားများက ဘဂ္ဂဒက်မြို့ရှိ အမေရိကန်ကင်းလှည့်ယာဉ်ကို တိုက်ခိုက်ရာ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး ဗုဒ္ဓဟူးနေ့က သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြာသပတေးနေ့က ပြောကြားသည်။ သေဆုံးသူမှာ ဘဂ္ဂဒက်အထူးတပ်ဖွဲ့မှတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ဘဂ္ဂဒက် အရှေ့ပိုင်းဒေသတွင် ၎င်း၏ ကင်းလှည့်ယာဉ်လက်နက်ငယ်များဖြင့် အပစ်ခံရ၍ မတ် ၃၀ ရက် ညနေ ၄ နာရီခွဲခန့်က သေဆုံးခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

တိုက်ခိုက်သူက ကင်းလှည့်ယာဉ်ကို ပစ်ခတ်ပြီး လူအုပ်အတွင်း ထွက်ပြေးခဲ့ကြောင်း၊ ကင်းလှည့် တပ်ဖွဲ့က ယင်းဒေသရှိ အိမ်တစ်အိမ်ကို ပိတ်ဆို့ကာ မေးမြန်းရန်အတွက် အကြမ်းဖက်သမားဟု သံသယမကင်းခံရသူ ငါးဦးအား ထိန်းသိမ်းခဲ့ကြောင်း ကြေညာချက်တွင်ပါရှိသည်။

ယင်းဖြစ်ရပ်ကို စစ်ဘက်က စုံစမ်းမေးမြန်းလျက်ရှိရာ သေဆုံးသူတပ်ဖွဲ့ဝင်၏ ဆွေမျိုးများထံ အကြောင်းမကြားရသေးသဖြင့် သေဆုံးသူတပ်ဖွဲ့ဝင်၏အမည်ကို ထုတ်ဖော်ကြေညာမှု ရပ်ဆိုင်းထားသည်။ အမေရိကန်က အီရတ်နိုင်ငံအား ၂၀၀၃ ခုနှစ် မတ်လက ဝင်ရောက်ကျူးကျော်ခဲ့ပြီး အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၅၂၅ ဦးရှိသွားပြီဖြစ်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

ယခုနှစ်တွင် ကားတင်ပို့မှု မလေးရှား မြှင့်တင်မည် ကားအမျိုးအစားသစ်များ ထုတ်လုပ်ရန် စီစဉ်

ကွာလာလမ်ပူ ဧပြီ ၅

မလေးရှားနိုင်ငံလုပ် အဆင့်မြင့်မားသော ပရိုတွန်ကားများကို ယခုနှစ်တွင် တိုးတက်ထုတ်လုပ် တင်ပို့သွားမည်ဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ် ကန်ကူမာဟာလီအာရတ်ဖ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ယခုအခါ ပရိုတွန်ကားများ၏ အရည်အသွေးမှာ တိုးတက်ကောင်းမွန်လာပြီး အထူးသဖြင့် ဝယ်ယူသူများ ပိုမိုစိတ်တိုင်းကျ နှစ်သက်လာကြသည်ကို တွေ့ရကြောင်း ဂျေဒီပါဝါကုမ္ပဏီမှ တန်ဂူမာဟာလီက သတင်းထောက်များအား ပြောကြားခဲ့သည်။

ပြင်ဆင်ထား

မလေးရှားနိုင်ငံထုတ် ကားဖြစ်သော ပရိုတွန်ကားများကို အရည်အသွေးမြှင့်တင်ပြီး ကားဈေးကွက်တွင် တီအာရာရီပလေမန့်အမျိုးအစား (တီအာအမ်) နှင့် ဆာထရာအာရီ ပလေ့မန့်အမျိုးအစား (အက်အာအမ်) တို့ကို ယခုနှစ်တွင် ထုတ်လုပ်သွားရန် စီစဉ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အဆိုပါ ကားများကို ပြည်ပဈေးကွက်သို့ ကျယ်ပြန့်စွာ တင်ပို့ရောင်းချရန် ပြင်ဆင်ထားသည်ဟု ၎င်းက ပြောကြားသွားသည်။

၂၀၀၅ ခုနှစ် မတ် ၃၁ ရက်တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်တွင် ပရိုတွန်ကား ရောင်းချရမှုသည် စီးရေ ၁၆၀၀၀ ရှိမည်ဟု မျှော်မှန်းသည်။ ပြည်ပရောင်းချရမှုတွင် ၁၉၉၇ ခုနှစ်က စီးရေ ၂၇၀၀၀ ရောင်းချခဲ့ပြီး ယခုဘဏ္ဍာနှစ်၌ တင်ပို့ရောင်းချရမှုမှာ ဒုတိယအများဆုံး ဖြစ်လိမ့်မည်ဟု ၎င်းကဆိုသည်။

ရောက်ရှိ

ကမ္ဘာတွင် ပရိုတွန်မော်တော်ကား စက်ရုံ ကိုးခုရှိရာတွင် မလေးရှားနိုင်ငံ၏ စက်ရုံလည်း ပါဝင်သည်။ ၁၉၈၅ ခုနှစ်တွင် ကားတပ်ဆင်သည့် အဆင့်မှ စတင်ခဲ့သော ပရိုတွန်ကားလုပ်ငန်းသည် ယခုအခါကမ္ဘာ့ဈေးကွက်တွင် ဝင်ဆံ့သော ကားထုတ်လုပ်သူအဖြစ်သို့ ရောက်ရှိလာပြီဖြစ်သည်။

ထုတ်လုပ်

မလေးရှားနိုင်ငံသည် ရေနံမှရသော ငွေကြေးနှင့် နိုင်ငံရပ်ခြား နည်းပညာကိုသုံး၍ အမျိုးသားကားပစ္စည်း စက်ရုံကို ဖွံ့ဖြိုးအောင် လုပ်ဆောင်ခဲ့သည်။ မလေးရှားနိုင်ငံ၏ စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးအစီအစဉ်အရ ၁၉၈၅ ခုနှစ်တွင်အစပျိုးခဲ့သော ပရိုတွန်သည် ယခုအခါ ခရီးသည်တင်ကား ပုံစံခြောက်မျိုးကို ထုတ်လုပ်ပေးနေသည်။ လက်ရှိအခြေအနေတွင် တစ်နှစ်လျှင်ကားစီးရေ ၇၀၀၀၀၀ကို ထုတ်လုပ်ပေးနိုင်သည့် အဆင့်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်မြို့ အနောက်ဘက်တွင် အမေရိကန် သံချပ်ကာယာဉ်တစ်စီး တိုက်ခိုက်ခံရမှုကြောင့် မီးလောင်နေသည်ကို ဧပြီ ၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရင်း ဒေသစည်းရုံးရေးကို ဆောင်ရွက်နေ ပြည်သူကို လေ့လာပြီး လိုအင်ဆန္ဒများကူညီခြင်းဖြင့် ရင်းနှီးယုံကြည်မှု ရရှိလာမည်

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုပညာသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမဌကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသားများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်က သင်တန်းဆင်း အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရေး၊ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ကြမည့် နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသူများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်လိုသူများ၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို လိုလားသူများ၊ အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ကြမည့် မျိုးဆက်သစ်လူငယ်များကို မွန်မြတ်မှန်ကန်သည့် ရည်ရွယ်ချက်၊ အခြေခံမူ၊ ကတိသစ္စာ၊ ကျင့်ဝတ်များ၊ တာဝန်ဝတ္တရားများနှင့် အသင်းကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း။

လေ့ကျင့်ပေးနေ

အသင်းဝင်များအရေအတွက်ရော အရည်အချင်းပါပြည့်ဝအောင် ဗဟိုနှင့် အသင်းအဆင့်ဆင့်က သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ပေးပြီး ခံယူချက်၊ ယုံကြည်ချက်၊ သဘောတရား၊ အတွေးအခေါ်အယူအဆ၊ လုပ်နည်းကိုင်နည်းများ တစ်ပြေးညီ တိုးတက်မြင့်မားလာအောင် လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်များကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူပြီး လက်တွေ့တာဝန်များ ဆောင်ရွက်စေခြင်းသည် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေး၊ ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများ ထက်မြက်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲရေးသင်တန်းသည်လည်း လေ့ကျင့်ပျိုးထောင်ပေးမှုများထဲက တစ်ခုဖြစ်ကြောင်း။

အသင်းကြီးအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရင်း ဒေသစည်းရုံးရေးကိုဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝတိုးတက်ကြီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စိတ်ရင်းစေတနာမှန်နှင့် လက်တွေ့လုပ်ပြခြင်းဖြင့် ဒေသခံပြည်သူများ လက်ခံယုံကြည်လာပြီး ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ကိုယ်ပိုင်အသိတရားနှင့် ထောက်ခံအားပေး ပါဝင်ဆောင်ရွက်လာမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကို အလေးထားဂရုပြုစိတ်ဝင်စားစွာလေ့လာပြီး သူတို့၏ လိုအင်ဆန္ဒ အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်းသည် ရင်းနှီးယုံကြည်အားကိုးမှုများကို ရရှိလာမည်ဖြစ်ကြောင်း၊ စည်းရုံးမှုဖြင့် အောင်မြင်ရေး၊ အောင်မြင်မှုဖြင့် စည်းရုံးရေးဆိုသည့်အတိုင်း လက်တွေ့အကျိုးပြုလုပ်ငန်းများ အတူပူးပေါင်းဆောင်ရွက်ရင်း ရရှိလာသည့် တိုးတက်ဖြစ်ထွန်းအောင်မြင်မှု အခြေခံကောင်းများကို ခံစားသိမြင်ရင်း ဒေသခံပြည်သူများကို မှန်ကန်စွာ စည်းရုံးဦးဆောင်လှုပ်ရှား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ခံယူကျင့်သုံး

နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်ဦးဆောင်မှုအောက်တွင် အသင်းကြီးသည် တိုင်းရင်းသားပြည်သူများ၏ စုစည်းညီညွတ်သည့်အားနှင့် ချမှတ်ထားသည့် နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ၊ ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သဖြင့် ယနေ့နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်ရောက်ရှိနေပြီဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ခိုင်ခိုင်မာမာ ခံယူကျင့်သုံး ဆောင်ရွက်နေကြောင်း။

ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူရင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)က ချမှတ်ခဲ့သည့် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအောင်မြင်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အောင်မြင်ရေးကို အသင်းကြီးအနေဖြင့် နိုင်ငံတော်၏ မှန်ကန်သည့်ဦးဆောင်မှု၊ ပြည်သူတစ်ရပ်လုံး၏ စုစည်းညီညွတ်သည့် ပြည်သူ့စွမ်းအားနှင့် ပူးပေါင်းပြီး ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝနှင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်နှင့် ဗဟိုအလုပ်အမှုဆောင်များသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုပညာသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

စာရင်းစစ်ချုပ်ရုံးမိသားစု စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဧပြီ ၆

စာရင်းစစ်ချုပ်ရုံး စေတနာရှင် သွေးလှူရှင်များ ဦးဆောင်အဖွဲ့က ကြီးမှူး၍ စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းမိသားစုများသည် ပြည်သူ့ကျန်းမာရေး အကျိုးပြုရန်ရည်ရွယ်ချက်ဖြင့် ဒသမအကြိမ်မြောက် စုပေါင်း သွေးလှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် အမျိုးသားသွေးဌာနတွင် ကျင်းပရာ သွေးလှူရှင် ၇၀ လာရောက်သွေးလှူဒါန်းကြသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းအေးသည် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများလိုက်ပါ၍ သွေးလှူရှင်ဝန်ထမ်းများကို လိုက်လံအားပေးစကားပြောကြားသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာ၊ အမျိုးသားသွေးဌာန တာဝန်ခံ ဒေါက်တာသီတာအောင်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များကလည်း သွေးလှူရှင်များကို အားပေးကူညီသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၀၅(ကြာသပတေးနေ့)

၇း၀၀	အဖွင့်အစီအစဉ်
၇း၀၅	စစ်ကိုင်းတောင်ရိုးမညိုးသည့်သာသနာ အပိုင်း(၁)
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	နိုင်ငံတကာသတင်း
၇း၃၀	ဂက်(စ်)မီးဖိုနှင့်ဖြစ်တတ်သောအန္တရာယ်များ
၇း၃၅	ခါသကြံန်အဆို၊အက
၇း၄၀	ဖန်တီးသူတို့အနုပညာ(ရုပ်ပြောင်း/ရုပ်လွှဲ)
၈း၂၀	တေးဂီတအစီအစဉ်
၈း၃၀	ပြည်တွင်းသတင်း
၈း၃၅	အံ့မခန်းမြန်မာ့ပန်းပုလက်ရာ ရွှေကူတံကဲတော်ကြီး
၈း၄၀	ခါသကြံန်အဆို၊အက
၈း၄၅	မိုးလေဝသခန့်မှန်းချက်
၈း၅၀	မျက်လှည့်ပဒေသာပျော်ရွှင်စရာ(၁)
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	စိတ်ကျန်းမာရေး
၉း၂၅	ခါသကြံန်အဆို၊အက
၉း၃၀	ဝါသနာရှင်စင်မြင့်
၁၀း၁၅	နိုင်ငံတကာသတင်း
၁၀း၂၀	ကရာတေးဒိုအားကစား
၁၀း၃၀	ပြည်တွင်းသတင်း
၁၀း၃၅	ဗိုလ်မြတ်ထွန်းတံတား
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ဝယ်ချင်စရာမျိုးစုံစွာ(၂)
၁၁း၀၀	အပိတ်

[အထက်ပါ(၄)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ (၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။]

သတိပေးနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်။
- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (၆) ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဝိုးတက်)မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များမမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(ခ) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ဂ) ကျူးလွန်ပါက တည်ဆဲဥပဒေအရထိရောက်စွာအရေးယူမည်။

(ဃ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန်မညစ်နွမ်းပါစေနှင့်"

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ရန်ကင်းမြို့နယ် အမက(၁၄)တွင် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို ဧပြီ ၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမော် ကျောင်းသူ မအေးဂျူလိုင်စိုးအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။

(က-ပ)

တပ်မတော်၏ "တပေါင်းတစည်းတည်း ပြည်ထောင်စု" စွမ်းဆောင်မှု

ခြင်္သေ့ကျား (မအူပင်)

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၃၀ရက်နေ့၌ ကျင်းပခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ် (၂/၂၀၀၄)တွင် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက-

"နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်မှုမှာ တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းလာပြီး တိုင်းရင်းသားလူမျိုးများ အားလုံးသည်လည်း တပေါင်းတစည်းတည်း ဖြစ်လာမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ငွေကြေး အကျိုးအမြတ် အမြတ်အစွန်းကို အဓိကမထားဘဲ နယ်စပ်ဒေသများနှင့် နယ်စပ် ဒေသနေ တိုင်းရင်းသား လူမျိုးများအားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး ရည်မှန်းချက် အောင်မြင် ပြည့်မြောက်ရေးကိုသာ အလေးအနက်ထား ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း" ဖြင့် လမ်းညွှန်မိန့်ကြားခဲ့သည်။

မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ခဲ့စဉ်က တိုင်းရင်းသား အများစုနေထိုင်သော တောင်တန်းဒေသများကို နယ်ချဲ့ဗြိတိသျှတို့သည် နာမည်အမျိုးမျိုးမှည့်ခေါ်၍ ပြည်မနှင့် အဆင့်အတန်းခွဲခြားခဲ့သည်။ ဒိုင်အာခီခေတ်မတိုင်မီက **"ခေတ်နောက်ကျသောဒေသများ"**ဟု ခေါ်၏။ ဒိုင်အာခီခေတ်တွင် **"ခြွင်းချန်ဒေသများ"** ဟု ခေါ်၏။ ၉၁ ဌာနအုပ်ချုပ်ရေးခေတ်တွင် **"သီးခြားဒေသများ"**ဟု ခေါ်၏။ ဒုတိယ ကမ္ဘာစစ်အပြီး နယ်ချဲ့ဗြိတိသျှတို့ မြန်မာနိုင်ငံအား ပြန်လည်သိမ်းပိုက်သောအခါ **"နယ်ခြားဒေသများ"** ဟူ၍ မှည့်ခေါ်ခဲ့သည်။

ဗြိတိသျှတို့သည် ကိုလိုနီနယ်ချဲ့များပီပီ တောင်တန်းဒေသများတွင် ယင်းတို့အတွက် အကျိုးရှိမည့် သစ်လုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ရေး လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ပြီး တောင်တန်းဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးခြင်း မရှိခဲ့ပေ။ ထိုဒေသရှိ တိုင်းရင်းသားတို့၏ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများကို မစ်ရှင်အဖွဲ့အချို့က မဆိုသလောက် ဆောင်ရွက်ပေးခြင်းအားဖြင့် ၎င်းတို့ တာဝန်ကျေပြီဟု ယူဆခဲ့ကြသည်။ တောင်တန်းဒေသများကို ဖွံ့ဖြိုးတိုးတက်ခွင့် မပေးဘဲ မဖွံ့ဖြိုး၊ မတိုးတက်မှုကို အကြောင်းပြကာ ခေတ်နောက်ကျနေသော ဒေသများအဖြစ် နိုင်ငံရေးအဆင့် ခွဲခြားသတ်မှတ်ခဲ့သည်။ ထို့မျှမက ၎င်းတို့၏ သွေးခွဲအုပ်ချုပ်ရေးဝါဒဖြင့် ပြည်မနှင့်တောင်တန်းဒေသများကို တစ်ပြေးညီ မထားဘဲ ခွဲခြားအုပ်ချုပ်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသော်လည်း နိုင်ငံရေးအစိုးရများသည် အကြောင်းအမျိုးမျိုးကြောင့် တောင်တန်းဒေသ ဖွံ့ဖြိုးရေးထက် မိမိတို့ အာဏာတည်မြဲရေးကိုသာ အလေးထား ဆောင်ရွက်ခဲ့ကြ၏။

ဤသို့ဖြင့် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုပယောဂ ပူးကပ်ကာ လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်းလေးဆယ်ကျော်တိုင် နယ်စပ်ဒေသ ၌ ဆူပူမှုအန္တရာယ် ကျရောက်ခဲ့လေသည်။ တည်ငြိမ်အေးချမ်းမှုဆိတ်သုဉ်းခဲ့သည်နှင့်အမျှ နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးမှုပိုမိုနောက်ကျခဲ့ရပြန်သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်က နိုင်ငံတော်တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ရသည့်ကာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော **"နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ"**ကို ၁၉၈၉ခုနှစ် မေလ ၂၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။

၁၉၈၉ ခုနှစ် မေလ ၃၁ ရက်နေ့တွင် **"နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ"**ကို ဖွဲ့စည်းပေးခဲ့သည်။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီမှ ချမှတ်သည့် မူဝါဒများနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများအား ဥက္ကဋ္ဌအဖြစ် တာဝန်ပေး၍ ဌာနဆိုင်ရာ အကြီးအကဲများပါဝင်သော လုပ်ငန်းဆပ်ကော်မတီ ၁၈ခုကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ထို့ပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် ၁၃-၆-၈၉ ရက်နေ့မှစ၍ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် တိုင်းမှူးများ/ပြည်နယ်ဥက္ကဋ္ဌများက ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်သော ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ ၁၁ခုကို ဖွဲ့စည်းပြီး ခရိုင်နှင့်မြို့နယ်အဆင့်ဆင့်အထိ လုပ်ငန်းကော်မတီများ ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၁၉၉၂ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို ဝန်ကြီးဌာနအသစ်အဖြစ် ဖွဲ့စည်းဆောင်ရွက်စေခဲ့သည်။ ၁၉၉၄ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအဖြစ် တိုးချဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပီပီပြင်ပြင်စနစ်တကျ ဆောင်ရွက်နိုင်ရန် **"နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ"**ကို ၁၃-၈-၉၃ ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့သည်။ ထိုဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများကို ပင်မစီမံကိန်း တစ်ရပ်ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ပြည်နယ်ခုနစ်ခု၊ တိုင်းနှစ်ခု၊ ဒေသ ၁၈ ခု၏ အကျယ်အဝန်းမှာ ခန့်မှန်းစတုရန်းမိုင် ၈၃၄၁၅ ဒသမ ၃၄ ရှိသည်။ အကျုံးဝင်သောမြို့နယ် ၆၈ မြို့နယ်ရှိပြီး ယင်းဒေသတွင် နေထိုင်လျက်ရှိသော လူဦးရေမှာ ၅၃ သိန်းခန့်ရှိသည်။

နိုင်ငံတော်က နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **လမ်းတံတားကဏ္ဍ** သည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် နယ်စပ် ဒေသများအတွက် အဓိကလိုအပ်ချက်ဖြစ်သည်။ သို့ဖြစ်၍ လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းကို ဦးစားပေး ဆောင်ရွက်ခဲ့သည်။ ၁၉၈၉ ခုနှစ် မှ ၁၂-၂-၂၀၀၅ ရက်နေ့အထိ မြေလမ်း ၃၀၉၃ မိုင်၊ ကျောက်ခင်းလမ်း ၁၈၇၁ မိုင်၊ ကတ္တရာ လမ်း ၃၂၉ မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ၃၁၆၂ မိုင် ဆောင်ရွက် ပေးခဲ့သည်။ တံတားကြီး ၅၅ စင်း၊ တံတားငယ် ၆၉၄ စင်းနှင့် ကြိုးတံတား ၃၂ စင်းကိုလည်း တည်ဆောက်ပေးခဲ့သည်။ အဓိကကျသည့် နေရာဒေသများ၌ ရာသီမရွေးသွားလာနိုင်သည့် လမ်းဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများ အလွယ်တကူ ဆက်သွယ်သွားလာ နိုင်ခဲ့သည်။ ချစ်ကြည်ရင်းနှီးမှု၊ ကုန်စည်ကူးသန်းမှု ပိုမိုဖြစ်ထွန်းကာ ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိခဲ့သည်။

"လျှပ်စစ်စွမ်းအားကဏ္ဍ"အနေဖြင့် နယ်စပ်မြို့ ရွာမြို့၌ အငယ်စားနှင့် အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးခဲ့ရာ မြို့ရွာ ၁၉၂ ခု၌ မီးစက် ၂၅၈လုံး တပ်ဆင်ပေးပြီး ဖြစ်သဖြင့် မြို့နှင့်ရွာများ လျှပ်စစ်မီး ရရှိခဲ့သည့်အပြင် အသေးစားကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည်။ ဒေသခံတိုင်းရင်းသားများကလည်း ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ် အငယ်စား၊ အလတ်စားများ ဆောင်ရွက်နေသဖြင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာခဲ့သည်။

" ဆက်သွယ်ရေးကဏ္ဍ" အနေဖြင့် စာတိုက် ၄၇ခု၊ ကြေးနန်းရုံ ၄၂ ရုံ၊ တယ်လီဖုန်းလုပ်ငန်းပေါင်း ၈၀တို့ကို တည်ဆောက်ပေးခဲ့သဖြင့် နယ်စပ်ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုခဲ့သည်။

"ပညာရေးကဏ္ဍ" အနေဖြင့် နယ်စပ်ဒေသအသီးသီးတွင် အထက်တန်းကျောင်း ၇၂ ကျောင်း၊ အလယ်တန်းကျောင်း ၆၁ ကျောင်း၊ မူလတန်း ၆၅၇ ကျောင်း တိုးချဲ့ဆောက်လုပ်ပေးခဲ့သဖြင့် ယခု စာသင်နှစ်တွင် အထက်တန်းကျောင်းသား ၇၃၈၁ ဦး၊ အလယ်တန်းကျောင်းသား ၃၂၀၃၆ ဦးနှင့် မူလတန်းကျောင်းသား ၆၉၂၀၄ ဦး ပညာသင်ကြားလျက်ရှိရာ စုစုပေါင်း ကျောင်းသား ၁၀၈၆၂၁ ဦး ပညာသင်ကြားလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသများမှ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးသည့် တိုင်းရင်းသားလူငယ်များ မွေးထုတ်ပေးနိုင်သော တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၆ ကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုပညာသင်တန်းကျောင်း ၁၈ ကျောင်း ဖွင့်လှစ်ပေးခဲ့သည်။ ရန်ကုန်နှင့် မန္တလေးတို့တွင် တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု ဖွင့်လှစ်ပျိုးထောင်ပေးလျက်ရှိသည်။

"မွေးမြူရေးကဏ္ဍ" အားဖြင့် မွေးမြူရေးခြံ ၁၉ ခြံ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးရုံး ၄၁ ရုံး ဖွင့်လှစ်ပေးခဲ့ပြီး နွားနှင့်မြည်းမျိုးကောင်း ၁၁၁ ကောင်ကို ဖြန့်ဖြူးပေးခဲ့သည်။

"သစ်တောကဏ္ဍ"မှ သစ်တောပျိုးဥယျာဉ်ခုနစ်ခု၊ ကြိုးဝိုင်း သစ်တောလေးခု၊ သစ်စက် ၁၂ ခု ထူထောင်ပေးခဲ့သည်။ သစ်တောထွက်ပစ္စည်းများ လုံလောက်စွာ ထုတ်ယူနိုင်ရေး၊ သစ်တောပြုန်းတီးမှု ဟန့်တားရေးတို့ကို ဒေသခံတိုင်းရင်းသားများနှင့် ပညာပေးပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

"သတ္တုကဏ္ဍ"အနေဖြင့် နယ်စပ်ဒေသ သတ္တုသိုက်များ ရှာဖွေဖော်ထုတ်ရေး၊ စီးပွားဖြစ်တွေ့ရှိသည့် သတ္တုသိုက်များအား စနစ်တကျတူးဖော်ရေး၊ သတ္တုကဏ္ဍမှ တိုင်းရင်းသားများ အလုပ်အကိုင် အခွင့်အလမ်း ပေါ်ပေါက်လာရေးကို ဦးတည်၍ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ အခြေခံကောင်းများ ရရှိစေရန် ၁၉၈၉ ခုနှစ်မှ ၁၂-၂-၂၀၀၅ ရက်နေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေက ကျပ် ၃၃၇၈၉ သန်း၊ ဝန်ကြီးဌာန အသီးသီးက ကျပ် ၂၉၅၆၄ သန်း စုစုပေါင်း ကျပ် ၆၃၃၅၃ သန်း သုံးစွဲခဲ့သည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဗဟိုကော်မတီ ဥက္ကဋ္ဌက ချမှတ်ပေးထားသည့် ရည်ရွယ်ချက် ငါးရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုရည်ရွယ်ချက် ငါးရပ်တွင် **"နယ်စပ်ဒေသ စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်"** ဟူသော အချက်ပါရှိပေသည်။ နယ်စပ်ဒေသဖွံ့ဖြိုးမှုအတွက် သုံးစွဲခဲ့သည့် ရန်ပုံငွေ စုစုပေါင်း၏ ၇၉ ဒသမ ၅ ရာခိုင်နှုန်းကို မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းနှင့် ဆက်စပ်သော ဒေသများတွင် သုံးစွဲခဲ့သည်။

ဘိန်းစိုက်ပျိုးမှုကို တားဆီးနှိမ်နင်းမှုနှင့် ဟန်ချက်ညီ ပန်းတိုင်သစ် စီမံကိန်းဖြင့် ဘိန်းမစိုက် တောင်သူများအား ဆန်၊ ငွေကြေးနှင့် အစားထိုး သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်မှုကို ဆောင်ရွက်ခဲ့သည်။ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ဆန်အိတ် ၁၉၃၀၀၊ ဆားပိဿာ ၅၀၀၀၊ အစားထိုး စိုက်ပျိုးရေးအတွက် ကျပ် ၁၉၆၅ သိန်းတန်ဖိုးရှိ မျိုးစေ့နှင့်ပျိုးပင်များ ထောက်ပံ့ ပေးအပ်ခဲ့သည်။ ၂၀၀၄ ခုနှစ် ဩဂုတ်လမှစတင်၍ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး ဆောင်ရွက်နေသည့် စီမံကိန်းဒေသများတွင် လစဉ် ဆန်အိတ် ၄၆၅၀ ထောက်ပံ့ပေးလျက်ရှိသည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအပြင် အိမ်နီးချင်းနိုင်ငံများကတစ်ဆင့် တင်သွင်းလာသော ကုန်ကြမ်းနှင့် ဓာတုဆေးဝါးများကို အသုံးပြုထုတ်လုပ်သည့် ဓာတုဆေးဝါးများကိုလည်း ထိရောက်စွာ တားဆီး

> **တပ်မတော်အစိုးရသည် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာတွင် ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်မှုကို စတင်တည်ဆောက်ရမည်ဟု ခံယူသည်။ အကြောင်းအမျိုးမျိုးကြောင့် လက်နက်ကိုင်ဘဝ ရောက်ရှိခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်း ရောက်ရှိရန် ကြိုးပမ်း၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့သည် ဥပဒေဘောင် အတွင်း ဝင်ရောက်ကာ နိုင်ငံတော်အစိုးရနှင့်အတူ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။**

ရန်ကုန်နှင့်မန္တလေး ပြည်ထောင်စုတိုင်းရင်းသား ဒီဂရီကောလိပ်များမှ တိုင်းရင်းသားလူငယ် ၂၅၆ ဦးတို့ ဘွဲ့ဒီဂရီရရှိအောင် ပြုစုပျိုးထောင်ပေးခဲ့ပြီး ဌာနဆိုင်ရာများတွင် ခန့်အပ်ပြီးဖြစ်သည်။ အရည်အချင်းမီသူ သင်တန်းသား ၂၈ ဦးကို မန္တလေးနည်းပညာတက္ကသိုလ်တွင် B-Tech သင်တန်းအား တက်ရောက်သင်ကြားစေလျက် မဟာသိပ္ပံ/မဟာဝိဇ္ဇာ အရည်အချင်းမီသူ ၁၈ ဦးတို့လည်း ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာဆည်းပူးစေပါသည်။ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် တိုင်းရင်းသားလူငယ် ၅၅၂ ဦးကို ဝိဇ္ဇာ/သိပ္ပံနှင့် AGTI ပညာရပ်များ သင်ကြားပေးလျက်ရှိသည်။

နယ်စပ်ဒေသများ၌ ဖွင့်လှစ်ပေးထားသော အိမ်တွင်းမှုပညာသင်တန်းကျောင်းများမှ တိုင်းရင်းသူ အမျိုးသမီးငယ် ၁၃၄၁၅ ဦး မွေးထုတ်ပေးခဲ့သည်။ ဤသို့ဆောင်ရွက်ပေးမှုကြောင့် တိုင်းရင်းသားအမျိုးသမီးငယ်များ တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကြသည့်အခါ အကျင့်စာရိတ္တပျက်ပြားမှု၊ လူမှုရေးအရ နစ်နာမှုအန္တရာယ်ကို ကာကွယ်နိုင်ခဲ့သည်။ မိမိတွင် အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်ထားသဖြင့် တစ်ဖက်နိုင်ငံတွင် အလုပ်လုပ်စရာ မလိုအောင် ပျိုးထောင်ပေးခဲ့ပါသည်။

"ကျန်းမာရေးကဏ္ဍ" အနေဖြင့် နယ်စပ်ဒေသများတွင် ဆေးရုံ ၅၇ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၃၅ ခု၊ နယ်စပ်ဆေးပေးခန်း ၈၀၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၆၄ ခုတို့ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

"စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ" အားဖြင့် နယ်စပ်ဒေသများ၌ စိုက်ပျိုးရေးရုံး ၃၁ ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၇ ခု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီးဆည် ၄၆ခု၊ တိုင်းတာပြီးဆည် ၁၇ ခု၊ တူးမြောင်းငါးခုနှင့် ထွန်စက်စခန်း ၁၁ ခုတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ပေးခဲ့သဖြင့် ဒေသရိက္ခာဖူလုံမှု ရှိစေသည့်အပြင် စီးပွားဖြစ် သီးနှံစိုက်ပျိုးရေးကိုပါ အခွင့်အလမ်းကောင်းများ ဖန်တီး ပေးနိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ရွှေ့ပြောင်းတောင်ယာစနစ်မှ ကုန်းမြင့်လယ်ယာမြေစနစ်သို့ ပြောင်းလဲရေးကို ၂၀၀၃-၂၀၀၄ ခုနှစ်မှစတင်ပြီး ၁၀ နှစ်စီမံကိန်းဖြင့် ဧက ၁၁၁၉၀၀ လျာထားခဲ့သည်။ ယခုအခါ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် ကျောက်ထုဒေသတို့တွင် ကုန်းမြင့်လယ်ယာ ၁၁၆၅၉ ဧက ဖော်ထုတ်နိုင်ခဲ့သည်။

နှိမ်နင်းပေးလျက်ရှိသည်။ နယ်စပ်မြို့များဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့များကို မူးယစ်ဆေးဝါးကင်းမဲ့ဇုန်ဖြစ်ရေးအတွက် တားဆီးနှိမ်နင်းရေးအပိုင်းက ထိရောက်စွာ ဆောင်ရွက်လျက်ရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် အခြားစီးပွားရေး လုပ်ငန်းများပေါ်ပေါက်လာခဲ့သဖြင့်လည်းကောင်း၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများအကြား မူးယစ်ဆေးဝါး၏ ဆိုးကျိုးကို ထိရောက်စွာ အသိပညာများပေးနိုင်သောကြောင့်လည်းကောင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ လျော့နည်းကျဆင်းလာခဲ့သည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အခြေခံစာရင်းကောက်ယူမှုအရလည်းကောင်း၊ မြန်မာနိုင်ငံနှင့်အမေရိကန်နိုင်ငံ ပူးပေါင်းပြီး ဘိန်းအထွက်နှုန်း ကွင်းဆင်းတိုင်းတာမှုအပေါ် အခြေခံထုတ်ပြန်သည့် အမေရိကန်အစိုးရ၏ နှစ်စဉ်ကြေညာချက်အရလည်းကောင်း၊ UNODC ၏ ထုတ်ပြန်ချက်အရလည်းကောင်း မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ လျော့နည်းကျဆင်းလာသည်ကို တွေ့ရပါသည်။

UNODC ၏ ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့ထုတ်ပြန်ချက်အရမြန်မာနိုင်ငံ၏ ၂၀၀၄ခုနှစ် ဘိန်းစိုက်ပျိုးမှုသည် ဟက်တာ ၄၄၂၀၀ ဖြစ်သည့်အတွက် ၂၀၀၃ ခုနှစ်နှင့် နှိုင်းစာလျှင် ၂၉ ရာခိုင်နှုန်း၊ ၁၉၉၆ ခုနှစ်နှင့် နှိုင်းစာလျှင် ၇၃ ရာခိုင်နှုန်းအထိ လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရလေသည်။

တပ်မတော်အစိုးရသည် တိုင်းရင်းသားအများစုနေထိုင်ရာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ၁၉၈၉ခုနှစ်မှ ၁၂-၂-၂၀၀၅ရက်နေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ကျပ် ၃၃၇၈၉သန်း၊ ဝန်ကြီးဌာန ရန်ပုံငွေမှ ကျပ် ၂၉၅၆၄သန်း စုစုပေါင်း ကျပ် ၆၃၃၅၃ သန်း သုံးစွဲခဲ့ပြီးဖြစ်သည်။

တပ်မတော်အစိုးရသည် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာတွင် ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်မှုကို စတင်တည်ဆောက်ရမည်ဟု ခံယူသည်။ အကြောင်းအမျိုးမျိုးကြောင့် လက်နက်ကိုင်ဘဝ ရောက်ရှိခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်း ရောက်ရှိရန် ကြိုးပမ်း၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

☆ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ နိုင်ငံတော် အစိုးရနှင့်အတူ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်သည် ပြည်ထောင်စုကြီးတစ်ခုလုံး နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများပါမကျန် ပြည်နယ်/တိုင်းဒေသများ တစ်ပြေးညီ တပေါင်းတစည်းတည်း ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နည်းဆိုရလျှင် တပေါင်းတစည်းတည်း ပြည်ထောင်စု ဖြစ်စေလိုသော စေတနာဆန္ဒဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို မဏ္ဍိုင်ပြုကာ အထူးဒေသကြီး ၂၄ခု ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစသည့် စီမံကိန်းကြီးများကို အင်တိုက်အားတိုက် ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်သည်။

ယခုအခါ တပ်မတော်၏ **"တပေါင်းတစည်းတည်း ပြည်ထောင်စု စွမ်းဆောင်မှု"**ကြောင့် ပြည်ထောင်စုကြီးတစ်ခုလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သကဲ့သို့ လက်တွေ့ကျကျ ထိတွေ့ခံစားနေကြရပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရန်ကင်းမြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း၏ သင်ယူပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်ပွဲကို ဧပြီ ၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက စတုတ္ထတန်းမှ မမြင့်မြတ်စိုးအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၇၁) ထုတ်ဝေ

ရန်ကုန် ဧပြီ ၆

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၇၁)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

ကြည်အောင်(ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ စိုးမြင့်စိုး(ကျောက်ပန်းတောင်း)၊ ကမ္ဘောဇခင်လှိုင်၊ စလင်းဘုန်းကျော်၊မောင်ကြင်နွယ်၊မင်းမောင်နွယ်(မွန်ဌာနီ)၊မင်းချမ်းမွန်၊ ထွဋ်ခေါင်၊ ပုဏ္ဏဝတီတင့်နှောင်း၊ အောင်ဆန်းသိန်း(ပခုက္ကူ)၊ နွေသင်နိုင်တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မကြန်၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ မောင်ဆုရှင်၊ ဒေါက်တာမတင်ဝင်း၊ ချစ်နိုင်(စိတ်ပညာ)၊ မောင်မောင်လတ်(နှောင်)၊ ဗိုလ်ကလေးတင့်အောင်၊ မောင်အံ့(မဟာဝိဇ္ဇာ-ဘုံဘေ)၊ ချစ်ကြည်မောင်၊ ချစ်ဦးညို၊ အောင်ဇင်၊ စိုးမြင့်ငြိမ်း၊ မောင်ချိုဝေ၊ စကုဆွေသစ်၊ ရွှေဥဩ၊ ထွန်းနိုင်(သာသနာရေး)၊ တက္ကသိုလ်စိုးယဉ်၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ယမုံသက်လယ်တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ ပေါ်ဦးသစ်၊ မောင်ဆန္ဒ(လယ်ဝေး)၊ ဒေါက်တာမင်းလဲ့ရီ၊ ပုသိမ်လှကြည်၊ မွေးယယ်ယယ်၊ စလင်းမောင်မွေးကြိုင်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ စိုးစံ၊ ဇော်မှူး၊ ကချင်မြေငှက်ခါး၊ မောင်နေမွန်တို့၏ ကာတွန်းများအပြင်၊ ဗုဒ္ဓစာဥယျာဉ်၊ တောခလေ့ စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရံရိပ်၊ အားကစားကဏ္ဍ၊ ရုပ်ရှင်ကဏ္ဍ၊ ပုံပြင်ကဏ္ဍ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန် စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊မန္တလေး၊ ပြည်၊ မကွေး၊ သန်လျင်၊ကလော၊တောင်ကြီး၊မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်၊ ကျိုင်းတုံ၊ လွိုင်ကော်မြို့တို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (က-ပ)

ရှင်ဥပဂုတ္တမထေရ်ပူဇော်ပွဲနှင့် ဓမ္မသဘင်ကျင်းပမည်

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ရှင်ဥပဂုတ္တ မထေရ်မြတ် ရေမျှော ပူဇော်ပွဲနှင့် ဓမ္မသဘင်ပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ဧပြီ ၂၄ ရက်တွင် မြို့နယ်အတွင်းသို့ ဒေသစာရီ အပူဇော်ခံမည်ဖြစ်သည်။

အကြိုတရားပွဲအဖြစ် ဧပြီ ၂၅ ရက်ညတွင် ဆရာတော် ဦးရေဝတ (ဝါးခယ်မ)၊ ဧပြီ ၂၆ ရက်ညတွင် ဘဒ္ဒန္တအာစာရာလင်္ကာရ (ကိုးဘွဲ့ရ ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်း)၊ ဧပြီ ၂၇ ရက်ညတွင် သာသနာ့ပါလ ဓမ္မာစရိယ၊သာသနဓဇဓမ္မာစရိယအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင်အရဝိန္ဒာဘိဝံသ (ရတနာဂုဏ်မြင့်ကျောင်းတိုက်၊ တောင်ငူမြို့) တို့က တရားတော်များကို အောင်ရတနာလမ်း ဓမ္မသဘင်တွင် ဟောကြားတော်မူမည်ဖြစ်သည်။

ဧပြီ ၃၀ ရက်တွင် ရှင်ဥပဂုတ္တမထေရ် ရုပ်ပွားကိုယ်တော်မြတ်ကြီးအား ရေမျှော ပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဖုန်း-၅၇၁၂၅၁နှင့် ၀၉-၅၀၁၃၆၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာသကြီန်
၈:၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅	၉။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၀။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **မမှောင်သောအလင်း အပိုင်း(၁၄)**
၅:၃၀	၉။ မြန်မာသကြီန်
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၅	၁၃။ မိုးလေဝသသတင်း
၆:၃၀	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။ **ထူးခြားသောကလေးငယ်ကာတွန်းဇာတ်လမ်း (အပိုင်း-၁၈)**
၆:၅၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကျောက်မဖြစ်တဲ့နှလုံးသားရုပ်ကြွင်း" (အပိုင်း-၄)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ မြဝတီရဲ့ မြဝတီ
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟောဝန်ကသိုင်းလုလင်" (အပိုင်း-၁၁)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

စဥ်းစားအဖြေ ရှာကြည့်ပါ

- ☐ မူးယစ်ဆေးသည်၊ လူ့ပြည်လူ့ရွာ
  လူတကာကို၊ ဘယာသာပေး
  ထိုအရေးကြောင့်၊ ဘိုးဘေးအစဉ်
  မြန်ပြည်ခွင်၌
  ဆန့်ကျင်မြစ်တား၊ အလေးထားတာ
  ထင်ရှားသက်သေရှိပါ၏။
- ☐ ဘဝသူ့ကျွန်၊ လွန်ဆန်မရ
  ထိုကာလ၌၊ ဘဝညွှန့်တုံး
  လူလုံးမစည်၊ လူရည်လူသွေး
  ကျဆင်းရေးတွက်၊ ထိုဆေး မူးယစ်
  လက်နက်စစ်ကို၊ မဖြစ်မနေ
  ဒို့ရပ်မြေတွင်း၊ တင်ကာသွင်း၍
  ဖိနှင်းအုပ်ချုပ်၊ နယ်ချဲ့လုပ်ခဲ့။
- ☐ ယခုအခါ၊ ပြည်ရွာနယ်စပ်
  ခိုကပ်မင်းမူ၊ ထိုလူ ရွက်ဆစ်
  သောင်းကျန်းညစ်သည်
  မူးယစ်ဆေးဝါး၊ ငယ်သားများဖြင့်
  ဖောက်ကားနေတာ၊ ပေါ်လွင်ပါ၏။
- ☐ မြေပေါ်ထက်တွင်၊ ပေါ်ပေါ်ထင်ဖြင့်
  အက်(စ်)အင်အယ်(လ်)ဒီ *၊ ထိုနံမည်ဖြင့်
  ခေါ်မည်ဖွဲ့စည်း၊ ဥက္ကဋ္ဌကြီးသည်
  ပေါင်းစည်း ရွက်ဆစ်၊ သူဖြစ်ချင်တာ
  ဖြစ်ပေါ်လာအောင်၊ ကြံဆောင်တာလည်း
  ထီးထီးမြင်သာ၊ ပေါ်လွင်လာ၏။
- ☐ သူတို့နှစ်ဦး၊ စိတ်ကူးကြံဆ
  ဘဝပုံစံ၊ ရှေးရှုဟန်သည်
  အလွန်တော်မှန်၍ နေသလား
  ကျွန်စော်နံ၍ နေသလား
  စဉ်းစားအဖြေရှာကြည့်ပါ။ ။

ဗိုးဝ

* SNLD

၂၀၀၅ခုနှစ် မတ်လ ၁၅ရက်နေ့က ကျင်းပခဲ့သည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၅)တွင် ရွက်ဆစ်ခေါင်းဆောင်သော SURA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည် လွတ်မြောက်ရေးဟူသည့် မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်၌ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်လျက်ရှိနေပုံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဘိန်းဓားပြရွက်ဆစ်၏ SURA အပါအဝင် SSA ၊ SSNA၊ SNLD နှင့် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီတို့က မည်ကာမတ္တ ပြည်ထောင်စုကိုထူထောင်ကာ တစ်ချိန်ချိန်၌ ခွဲထွက်လျက် သီးခြားနိုင်ငံထူထောင်ရန် ရည်ရွယ်ဆောင်ရွက်နေပုံများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါရှင်းလင်းပြောကြားချက်များအရ ၎င်းအဖွဲ့များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားအောင်၊ ပြည်ထောင်စုကြီးပြိုကွဲအောင် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် အန္တရာယ် အလွန်ကြီးမားကြောင်း သုံးသပ်တွေ့ရှိရသည်။

ပုံတွင် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့က မတ်လ ၅ရက်နေ့၌ နယ်စပ်အနီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် ပန်မာဖာ့မြို့နယ်အတွင်း ဘိန်းဖြူ ၈၂ ကီလိုဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည့် SURA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိသူ (ရွက်ဆစ်၏ စိတ်အချရဆုံးလူယုံ) စိုင်းထွန်း(ခေါ်) နိုင်ထွန်းဝိဝပ်ရန်အရန် **(ဝဲ)** ကို SURA အကြမ်းဖက်သောင်းကျန်းသူ ခေါင်းဆောင် ရွက်ဆစ်**(အလယ်)**နှင့်အတူ တွေ့မြင်ရမည်ဖြစ်သည်။

ဗီယက်နမ် ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မန္တလေးမြို့နှင့် ပုဂံ–ညောင်ဦးမြို့များသို့ သွားရောက်လေ့လာပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Senior Lt. Gen. Phung Quang Thanh **ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးမြို့နှင့် ပုဂံ–ညောင်ဦးမြို့တို့တွင် လှည့်လည်လေ့လာရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေး၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု–မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးတင်စိုး၊ ပြည်ထောင်စု–မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူး** Sr. Col. Nguyen Van Thanh **နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ နံနက် ၉နာရီခွဲတွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး ဧည့်သည်တော် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။**

ထို့နောက် ဧည့်သည်တော် Senior Lt. Gen. Phung Quang Thanh နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ပြင်ဦးလွင်မြို့ ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ်သို့ ရောက်ရှိကြပြီး စစ်တက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးသိုးထိန်းနှင့် တာဝန်ရှိသူများကကြိုဆိုကြ၍ စစ်တက္ကသိုလ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် Senior Lt. Gen. Phung Quang Thanh နှင့် အဖွဲ့ဝင်များသည် စစ်တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုကြပြီးနောက် ဆက်လက်ထွက်ခွာလာရာ တပ်မတော်နည်းပညာတက္ကသိုလ်သို့ရောက်ရှိကြရာ ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြ၍ တပ်မတော်နည်းပညာတက္ကသိုလ်၏ သမိုင်းအကျဉ်းချုပ်ကို ဗီဒီယိုဖြင့် ပြသရှင်းလင်းကြသည်။

ဂေါက်ပြုနေ့လယ်စာ

ယင်းနောက် ဧည့်သည်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် တပ်မတော် နည်းပညာတက္ကသိုလ်ဝင်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီးနောက် အမျိုးသားကန်တော်ကြီး ဥယျာဉ်သို့ရောက်ရှိ၍ တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်က Club House ၌ ဂေါက်ပြုနေ့လယ်စာစားပွဲဖြင့်တည်ခင်းဧည့်ခံသည်။

ထို့နောက် ဧည့်သည်တော် Senior Lt. Gen. Phung Quang Thanh နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြကာ နန်းမြင့်မျှော်စင်ပေါ်မှနေ၍ အမျိုးသား ကန်တော်ကြီး ဥယျာဉ်နှင့် ပတ်ဝန်းကျင်ရှုခင်းများ၊ ပြင်ဦးလွင်မြို့၏ သာယာလှပမှုများကို ကြည့်ရှုကြကာ မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကြသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဧည့်သည်တော် Senior Lt. Gen. Phung Quang Thanh နှင့် အဖွဲ့ဝင်များသည် ညနေ ၅နာရီတွင် မန္တလေးနန်းမြို့အတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်သို့ရောက်ရှိ ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားသို့ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်များအား ကြည်ညိုကြကာ ရင်ပြင်တော် စနေထောင့်မှနေ၍ နေဝင်ဆည်းဆာအလှ၊ မန္တလေးနန်းမြို့၊ ကျုံးတော်နှင့်မန္တလေးမြို့၏ သာယာလှပမှုများကို ခံစားကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားအား လက်ယာရစ်တစ်ပတ် လှည့်လည်ကြည်ညိုကြသည်။

မန္တလေးမြို့တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ဗီယက်နမ် ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ညပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်ကြီးအောင်ဧည့်ဂေဟာ မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲ ဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲ တွင် ညစာမသုံးဆောင်မီ မြို့မတူရိယာအဖွဲ့မှ တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း၊ ညစာ သုံးဆောင်နေစဉ်အတွင်း အနုပညာဦးစီးဌာန (မန္တလေး)မှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဧည့်သည်တော် Senior Lt. Gen. Phung Quang Thanh တို့သည် အထိမ်းအမှတ်ပစ္စည်းများနှင့် အမှတ်တရလက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် ဧည့်သည်တော် Senior Lt. Gen. Phung Quang Thanh သည် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်အား အမှတ်တရလက်ဆောင်ပေးအပ်၍ ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းများလက်ဆောင်ပေးအပ်ပြီး စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ကပ်လှူပူဇော်

မန္တလေးမြို့တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Senior.Lt.Gen.Phung Quang Thanh ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရွှေပြားသင်္ကန်းတော်များကို ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်အားလက်ယာရစ်တစ်ပတ် လှည့်လည်ကြည်ညိုကြပြီး အရှေ့ဘက်စောင်းတန်းရှိ နိဗ္ဗာန်ကုန်အရောင်းဆိုင်များကို ကြည့်ရှုကြကာ လိပ်ကန်အတွင်းသို့ ဇီဝိတဒါနအဖြစ်ငါးများကို လွှတ်ပေးကြကာ စာကလေးငှက်ငယ်များကိုလည်း လွှတ်ပေးကြသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တပ်မတော်အရာရှိကြီးများက ပို့ဆောင်နှုတ်ဆက်ကြ၍ တပ်မတော်အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ နံနက် ၉နာရီ မိနစ် ၅၀တွင် ပုဂံ–ညောင်ဦးလေဆိပ်သို့ ဆိုက်ရောက်လာပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဧည့်သည်တော်အဖွဲ့ဝင်များသည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်သို့ ရောက်ရှိကြ၍ ကြေးမတ်ရပ် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီးနောက် ထီးတော်မဏ္ဍပ်မှနေ၍ ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ဧည့်သည်တော် Senior Lt. Gen. Phung Quang Thanh နှင့် အဖွဲ့ဝင်များသည် စေတီတော်အား လက်ယာရစ်တစ်ပတ် ဖူးမြော်ကြည်ညိုကြပြီးနောက် အာနန္ဒာဘုရားသို့ ဆက်လက်သွားရောက် ဖူးမြော်ကြည်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့ တပ်မတော်စစ်ဦးစီးချုပ် Senior Lt. Gen Phung Quang Thanh **ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်ကို ကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)

တည်ခင်းဧည့်ခံ

ယင်းနောက် ဧည့်သည်တော် Senior Lt. Gen. Phung Quang Thanh နှင့်အဖွဲ့ဝင်များအား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက မွန်းတည့် ၁၂နာရီတွင် ပုဂံ–ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တပ်မတော်ဧည့်ဂေဟာ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲ ဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီ မိနစ် ၂၀ တွင် ဓမ္မရံကြီးဘုရားသို့ရောက်ရှိ ဖူးမြော်ကြပြီး ဓမ္မရံကြီးဘုရားစင်္ကြံပတ်လမ်းအတိုင်း လက်ယာရစ်လှည့်လည်၍ ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော် Senior Lt. Gen. Phung Quang Thanh နှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ပုဂံ–ညောင်ဦးလေဆိပ်သို့ရောက်ရှိကြပြီး မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် တပ်မတော်အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင်လိုအပ်နေသည့် အလိုအလျောက် ရောဂါရှာဖွေရေးစက် ဝယ်ယူရန်အတွက် အလှူရှင် မရမ်းကုန်းမြို့နယ်၊ သမိုင်းရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ်(၂၆၆/၁၁)နေ ဒေါ်နွဲ့နွဲ့ဝင်းမိသားစုက အလှူငွေကျပ်နှစ်သိန်းကို ဧပြီ ၁ရက်က ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မော်သို့ ပေးအပ်လှူဒါန်းစဉ်။ (၂၃)

အမယ်သစ်သီးနှံ ငရုတ်ကောင်းနှင့် နှစ်ရှည်ရော်ဘာစိုက်ပျိုးရန် ဆောင်ရွက်နေ တာဝန်ရှိသူအဆင့်ဆင့်က အောက်ခြေအထိ ကွင်းဆင်းပံ့ပိုး ဖြည့်ဆည်းပေးရန်လို

✡ ကျောဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် တောင်ဥက္ကလာပစက်မှုဇုန်က ထုတ်လုပ်သော ရွှေနွားခြေနင်းစပါးခြွေစက်ဖြင့် စပါးခြွေလှေ့မှုများကို ကြည့်ရှုအားပေးသည်။

ရွှေနွား စပါးခြွေစက်ကို စက်အားဖြင့်လည်းကောင်း၊ ခြေနင်းဖြင့် လည်းကောင်း ထုတ်လုပ်ထားရှိရာ ခြေနင်းစပါးခြွေစက်သည် တစ်နာရီလျှင် စပါး ၁၀ တင်းမှ တင်း ၂၀ခန့်ထိ ထွက်ရှိပြီး စက်ဖြင့် ခြွေလှေ့ပါက တစ်နာရီလျှင် စပါးတင်း ၂၀မှ တင်း ၄၀ခန့်အထိ ထွက်ရှိကြောင်း သိရသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဧရာဝတီတိုင်းအတွင်း နွေစပါးဧက ၁၀သိန်းကျော် စိုက်ပျိုးထားရှိမှု၊ ရာသီကုန်တွင် နွေစပါးဧက ၁၁သိန်း စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်ထားရှိမှု၊ လက်ရှိဧက သုံးသိန်းခွဲ ရိတ်သိမ်းပြီး ဆက်လက်ရိတ်သိမ်းရန် စီစဉ်ထားရှိမှု၊ ၂၀၀၄-၂၀၀၅ခုနှစ် ရာသီတွင် မိုးစပါးဧက ၃၅သိန်း စိုက်ပျိုးထားရှိပြီး ယခု ၂၀၀၅-၂၀၀၆ခုနှစ် ရာသီတွင် တစ်သိန်းတိုး၍ ဧက ၃၆ သိန်းစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်းနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တောင်သူကြီး ဦးမာလာ၏ စံကွက်အတွင်း နွေစပါးကို ဓာတ်မြေသြဇာနည်းနည်းဖြင့် မျိုးကောင်းမျိုးသန့် စပါးမျိုးများကို စိုက်ပျိုးပြီး တစ်ဧကတင်း ၁၃၀ကျော် ထွက်ရှိအောင် စိုက်ပျိုးနိုင်သည်ကို ကျန်တောင်သူကြီးများကလည်း နမူနာယူပြီး အထွက်နှုန်းကောင်းအောင် ကြိုးစားကြစေလိုကြောင်းဖြင့် ဆွေးနွေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် မအူပင်မြို့ တောင်ဘက် ခြောက်မိုင်အကွာရှိ ကျိုက်လတ်မြစ်ကမ်းဘေး ကျုံစုတ်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့အား စီမံကိန်း ရှင်းလင်းဆောင်၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဌေးလွင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စက်ယန္တရားများနှင့် ဝန်ထမ်းအင်အားအခြေအနေ၊ လုပ်ငန်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရေး၊ စီမံကိန်းသည် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ပြီးစီးမည် ဖြစ်သော်လည်း မပြီးစီးမီ ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း မှာပင် လုပ်ငန်းပြီးစီးမှု အခြေအနေ အပေါ်မူတည်၍ နွေစပါးနှင့် အခြားသီးနှံများကို ကြိုတင်၍ စိုက်ပျိုးနိုင်သမျှ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

အဆိုပါ ကျုံစုတ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ကျိုက်လတ်မြစ် (ပံတပွတ်မြစ်)၏ အနောက်ဘက်ခြမ်းတွင် ရေပေါ်ရေတင်စက်များဖြင့် ရေတင်အဆင့်တစ်ဆင့်တွင် လျှပ်စစ်မော်တာတွဲ ပန့်ကြီးများကို အသုံးပြုလျက် ဧက ၉၀၀၀ ကို စိုက်ပျိုးရေပေးဝေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည်ကျိုက်လတ်မြို့ သို့ရောက်ရှိကြပြီး ကျိုက်လတ်မြို့ လှည်းဆိပ်ကျေးရွာ တံဘိုးကုန်း အရှေ့ကွင်း ကွင်းအမှတ် (99-B) ၌ လယ်သမားကြီးဦးကုလား စိုက်ပျိုးထားသော သီးထပ်ရင်မျိုးနွေစပါးရိတ်သိမ်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံ တောင်သူဦးကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နွေစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသနှင့် ကိုက်ညီသည့် စပါးများကို ကုန်ကျစရိတ်သက်သာစွာဖြင့် စိုက်ပျိုးပြီး အထွက်နှုန်း ကောင်းမွန်ရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ရွှေနွားခြေနင်း စပါးခြွေစက်ဖြင့် စပါးခြွေလှေ့နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နံနက် ၁၁နာရီခွဲတွင် ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ ရွှေဝါလတ်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ကဏ္ဍအလိုက် အဘက်ဘက်မှ ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း၊ ထို့အတူ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက်လည်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော် စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် အချက်သုံးချက်အပေါ်တွင် အဓိက တည်မှီလျက်ရှိကြောင်း၊ ယခုအခါတွင် နိုင်ငံတစ်ဝန်းလုံး အေးချမ်းတည်ငြိမ်မှု ရရှိနေပြီဖြစ်ကြောင်း။

စီးပွားရေးအခြေခံ

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကဏ္ဍအလိုက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ အဓိကစီးပွားရေးအခြေခံဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စီမံကိန်းများ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က အဓိကသီးနှံ ၁၀မျိုးကိုလည်း သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ ထို့အပြင်အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်းကိုလည်း နည်းလမ်းသုံးသွယ်ဖြင့် စိုက်ပျိုးရန်နှင့် နှစ်ရှည်ရော်ဘာကိုလည်း ဧရာဝတီတိုင်းအတွင်း ဧကငါးသောင်း စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူအဆင့်ဆင့်က အောက်ခြေအထိ ကွင်းဆင်းပြီး ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဒေသနှင့်ကိုက်ညီပြီး အရိပ်လည်းရ စားသုံးဆီလည်းရသည့် သစ်ဆိမ့်ပင်များကိုလည်း စိုက်ပျိုးရန်လိုကြောင်း။

မွေးမြူရေးကဏ္ဍအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် ငါးမွေးမြူရေးနှင့် ဒေသကြက်များကိုလည်း အိမ်တိုင်းတစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်အထိ မွေးမြူရန် တာဝန်ရှိသူများက ပံ့ပိုးကူညီ ဆောင်ရွက်ပေးရန်လိုကြောင်းဖြင့်ပြောကြားသည်။

ဖျာပုံတံတားစီမံကိန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ကျိုက်လတ်-ဖျာပုံလမ်းအတိုင်း ထွက်ခွာလာကြပြီး မွန်းလွဲပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၇)က တာဝန်ယူ တည်ဆောက်နေသည့် ဖျာပုံတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့အား ရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဒေးဒရဲဘက်ကမ်းနှင့် ဖျာပုံဘက်ကမ်း ချဉ်းကပ်တံတား ဆောင်ရွက်ပြီးစီးမှု၊ သံပေါင်တင် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက သတ်မှတ်ချိန်ထက် ဆောလျင်စွာ ပြီးစီးအောင်ဆောင်ရွက်ရေး၊ လေလွင့်မှုမရှိစေရေး၊ စံချိန်စံညွှန်းမီစွာဖြင့် သပ်ရပ်ကောင်းမွန်ရေး၊ လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ဖျာပုံဘက်ကမ်း ချဉ်းကပ်တံတား ဆောင်ရွက်ပြီးစီးမှု၊ သံပေါင်တပ်ဆင်မှု လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတံတား ပြီးစီးသွားပါက ဖျာပုံမြို့မှတစ်ဆင့် ဒေးဒရဲ-ကွမ်းခြံကုန်း-ဒလ-ရန်ကုန်သို့ ကားလမ်းအတိုင်း ၅၄မိုင်ခန့်သာ ကွာဝေးတော့မည်ဖြစ်၍ ယခင် ဖျာပုံ-ကျိုက်လတ်-မအူပင်-ရန်ကုန်လမ်း မိုင်၉၀ခန့်ထက် ၃၆မိုင်ခန့် ပိုမိုနီးသွားတော့မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုနှင့် ပြည်သူများ သွားလာမှု ပိုမိုလွယ်ကူချောမွေ့ကာ ဧရာဝတီတိုင်း၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

ထို့ပြင် ဧရာ၊ အမာ၊ ဘိုကလေးမြို့ စသည့် ပင်လယ်ကမ်းခြေမြို့များမှ ပင်လယ်ထွက်ကုန်များကိုလည်း အဆိုပါ တံတားကြီးမှဖြတ်၍ ရန်ကုန်မြို့သို့ လွယ်ကူစွာ ပို့ဆောင်နိုင်တော့မည် ဖြစ်ကြောင်းသိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် စီမံကိန်း လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားကြပြီး ဖျာပုံမြို့တွင် ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက်လုံးဆိုင်ရာ သာသနဟိတ ဓမ္မာရုံကြီးတွင် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ တာမွေမြို့နယ် စကြာရန်အောင်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ သုန္ဒာစာရ ဆရာတော် ဦးဆောင်၍ ခုနစ်ရက်တရားစခန်း ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဧပြီ ၁၀ရက် ညနေ ၅နာရီ နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကျေးလက်အိမ်ရာများ စစ်ဆေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ဧပြီ ၅ ရက်က မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် တည်ဆောက်ပြီးစီးသွားသော အောက်ကျောင်းကျေးရွာရှိ ကျေးလက်အိမ်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။

(နယ်စပ်စည်ပင်)

ရန်ကုန် ဧပြီ ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ယမန်နေ့နံနက်ပိုင်းတွင် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်လိုက်ပါလျက် တောင်တွင်းကြီးမြို့နယ် အောင်သုခကျေးရွာနှင့် ပျဉ်းမကျေးရွာသို့ ဆက်သွယ်သွားလာနိုင်ရန်ကျေးရွာလူထုက ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ထားသော အရှည်တစ်မိုင်အကျယ် ၂၅ပေရှိ မြေသားလမ်းနေရာသို့ရောက်ရှိပြီး ကျေးရွာလူထုနှင့်အတူ လမ်းကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးက အဆိုပါလမ်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများအား နှစ်စဉ် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ကျောက်ချောလမ်းသို့ အဆင့်မြှင့်နိုင်ရန် လိုအပ်သည်များ ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ စည်ပင်သာယာရေး လုပ်ငန်းများ ပြည်သူလူထုနှင့် အမြဲထိတွေ့ ဆက်ဆံနေရသောသူများဖြစ်၍ ပြည်သူလူထုအကျိုးအတွက် အမြဲဦးထိပ်ထား ဆောင်ရွက်ရေး၊ လုပ်ငန်းများကိုလည်း ညွှန်ကြားချက်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေး ဆောင်ရွက်နေသော ပင်မစက်ရုံနှင့် ရေစုကန်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ထိုမှတစ်ဆင့် စက်ရေတွင်းဟောင်း အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၉)၊ အမှတ်(၁၀)များသို့ သွားရောက်ကြည့်ရှု၍ လျှပ်စစ်လိုင်းများ စနစ်တကျရှိစေရေးအတွက် ပြန်လည်ပြုပြင်သင့်သည်များကို ပြုပြင်ရန် မှာကြားပြီး မြို့ရေပေးရေးအတွက် အသုံးပြုရသည့် စက်ရေတွင်းများကို ပိုမိုကောင်းမွန်အောင် ပြုပြင်ရန်အတွက် စီမံချက် ရေးဆွဲတင်ပြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့နယ် ရွာတော်ကျေးရွာရှိ အဖွဲ့ရန်ပုံငွေဖြင့် တူးဖော်ပြီးစီးသွားသည့် စက်ရေတွင်းကို ကြည့်ရှုစစ်ဆေးပြီး စက်ရေတွင်း အရှည်တည်တံ့အောင် အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ကျေးရွာနေ ပြည်သူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်ပြီးစီးသွားသော အောက်ကျောင်းကျေးရွာရှိ ဦးစန်းမောင် ဒေါ်အုန်းရီနှင့် ဦးရာထွန်း ဒေါ်ခင်မာဝေတို့၏ ကျေးလက်အိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးရန် မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်တို့ လှူဒါန်းထားသော မင်းဘူးမြို့နယ် လေးအိမ်တန်းကျေးရွာ စက်ရေတွင်းကို သွားရောက်ကြည့်ရှုပြီး စက်ရေတွင်း အရှည်တည်တံ့ကောင်းမွန်အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ကျေးရွာရှိ တာဝန်ရှိသူတို့အား မှာကြားသည်။

(သတင်းစဉ်)

ရက္ခိုင်မောင်မယ် သက်ကြီးပူဇော်မည်

ရန်ကုန် ဧပြီ ၆

ရွှေတိဂုံစေတီတော် ရက္ခိုင်မောင်မယ် တံမြက်လှည်းအသင်းမှ (၁၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက်နေ့ (ဧပြီ ၁၇ရက်) မွန်းလွဲ ၁နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၀၅ (ကြာသပတေးနေ့)

၁၃၆၆ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၄)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကရေမွေဘဏ္ဍာဂါရိကဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈:၁၀ ၆။ ကျောက်တလုံးရေကူရေလှောင်တမံ

၈:၂၀ ၇။ ခါသကြန်အဆို၊အကများ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Happy and Educational English Summer Course MRTV. (Junior Class II).

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English For Everyday Use

၄:၅၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)

၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၅:၃၀ ၇။ မြန်မာစာ၊ မြန်မာစကား

၅:၄၅ ၈။ တေးဂီတအစီအစဉ်

၆:၀၀ ၉။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်

၆:၁၅ ၁၀။ ခါသကြန်အဆို၊အကများ

၆:၃၀ ၁၁။ ညနေခင်းသတင်း

၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်သောညီမ” (အပိုင်း-၂၁)**

၇:၃၅ ၁၄။ ခါသကြန်အဆို၊အကများ

၇:၄၅ ၁၅။ မိခင်ရင်သွေးကျန်းမာမှု လူ့ဘောင်ဘဝစဉ်လှပ လူတိုင်းပါဝင်စောင့်ရှောက်ကြ

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း “ကူညီချင်လွန်းလို့” (အပိုင်း-၁) (လွင်မိုး၊အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ကျော်ဇောလင်း)**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

❁ (၄၂)ကြိမ်မြောက်မှ

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် သတ္တုတွင်းဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေနှင့် ပြည်တွင်းသုံးကျပ်ငွေများ နှစ်စဉ်တိုးတက်ရရှိအောင် ဆောင်ရွက်နေသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ နိုင်ငံခြားငွေ တိုးတက်ရရှိရေးအတွက် နှစ်စဉ်မတ်လနှင့် အောက်တိုဘာလတို့တွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲများ ကျင်းပပြီး ကျောက်မျက်ရတနာများကို ရောင်းချပေးလျက်ရှိသည်။ ယမန်နှစ်ကမှစတင်၍ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲများ ကျင်းပခဲ့သည့်အပြင် ရတနာပြပွဲများ မကျင်းပသည့်ကြားကာလများ၌လည်း နိုင်ငံသားကုမ္ပဏီများ၏ ကျောက်မျက်ရတနာများကို ရောင်းချပေးခဲ့သည်။

ယခု (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်၌ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ကျောက်မျက်အရောင်းဆိုင်များ၊ ပုဂ္ဂလိက ကျောက်မျက်ရတနာအရောင်းဆိုင်များနှင့် ကျောက်ကပ် ပန်းချီဆိုင်များများအား ကြိုဆိုလျက်ရှိနေသည်မှာ မျက်စိထဲက မထွက်နိုင်သည့်မြင်ကွင်းများ ဖြစ်နေသည်။

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၃၀ ရက်မှ ဧပြီ ၁ ရက်အထိ ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာခွင့်ပြုပြီး ဧပြီ ၂ ရက်မှ ၄ ရက်အထိ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချလျက်ရှိရာ ကျောက်မျက်ရတနာဈေးပြိုင်ခန်းမကြီး၌ ရတနာကုန်သည် စုစုပေါင်း ၁၀၀၀ ကျော်တို့ သည် အလုအယက်၊ အပြိုင်အဆိုင် ဝယ်ယူရရှိရေးအတွက် ပျားပန်းခတ်လှုပ်ရှားခဲ့ကြသည်။

ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချနေမှုကို စိတ်အဝင်စားဆုံးနိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရတနာကုန်သည်များဖြစ်ကြသည်။ အခြေခံဈေးထက် အဆများစွာပေး၍ အပြိုင်အဆိုင်ဝယ်ယူနေကြသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နှစ်ပေါင်းများစွာလာရောက်ဝယ်ယူနေကျ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ

ရတနာကုန်သည်တစ်ဦးနှင့် တွေ့ဆုံပြီး မေးမြန်းရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အခြားသော ကျောက်စိမ်းထွက်ရှိသည့် နိုင်ငံများအနေဖြင့် ထွက်ရှိသော ကျောက်စိမ်းများသည် အရည်အသွေးအရ ကျောက်စိမ်းအရောင် ယှက်နွယ်နေသည့် ကျောက်မြူကျောက်စိမ်းများသာ ဖြစ်ကြောင်း၊ အမှန်တကယ် အရည်အသွေးမီ ကျောက်စိမ်းတုံးများသည် မြန်မာနိုင်ငံကသာ ထွက်ရှိကြောင်း၊ ထို့ကြောင့်လည်း အရည်အသွေးမီ ကျောက်စိမ်းများထွက်ရှိရာ မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာပြပွဲသို့ နှစ်စဉ်လာရောက်ပြီး ကျောက်စိမ်းများကို ဝယ်ယူကာ နည်းပညာများဖြင့် ကမ္ဘာ့ဈေးကွက်၌ ပြန်လည်ရောင်းချနိုင်သည့်အတွက် အကျိုးအမြတ်များ ရရှိခဲ့ပါကြောင်းဖြင့် စာရေးသူအား ထုတ်ဖော်ပြောကြားသည်။

ယခု (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်းမှာ ၂၁၄၀၊ ကျောက်မျက် အတွဲပေါင်းမှာ ၁၄၄ နှင့် ပုလဲအတွဲပေါင်း ၃၀၀ တို့ဖြစ်ကြပြီး ပုံသေဈေးနှုန်းဖြင့် ရောင်းချမည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ရုပ်တုရုပ်ထွင်းများနှင့် လက်ဝတ်ရတနာများလည်း ပါဝင်ရောင်းချသည်။

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချစဉ်။ (ကြေးမုံ)

အချုပ်ဆိုရသော် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ တိုးတက်ရောက်ရှိ၍ ကျောက်မျက်ရတနာများအား အပြိုင်အဆိုင် ဝယ်ယူနေကြသည့်အတွက် အောင်မြင်မှုရရှိသော ရတနာပြပွဲဟု ဆိုချင်ပါသည်။

သို့ဖြစ်ရာ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်လာခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်းပြီး ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်များက ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးခြင်းနှင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသာယာလာခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ တန်ဖိုးကြီးမားသည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများကို တိုးချဲ့ရှာဖွေထုတ်လုပ်ပေးနိုင်ပြီး မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ကာ၊ နိုင်ငံတော်ဝင်ငွေ တိုးတက်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်းတို့၏ ရလဒ်ပင်ဖြစ်ပါတော့သည်။ ။

အလေးချိန် ၁၈၃ ဒသမ ၅၀ ကီလိုဂရမ်ရှိအတွဲအမှတ် ၁၉၈၀ ကျောက်စိမ်းတွဲကို တွေ့ရစဉ်။ (ကြေးမုံ)

သည် သပ်ရပ်ခံ့ညားစွာဖြင့် ပြပွဲလာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များကို ဖမ်းစားခဲ့သည်။ ခန်းမ အဆောက်အအုံဝန်းကျင်၌ ကျောက်စိမ်းအရည် ကျောက်ရိုင်းနှင့် အသားကျောက်ရိုင်းအတုံးများ၊ ထည်လုံးစိမ်း ကျောက်စိမ်းအရိုင်းတုံးများသည် တစ်မျှော်တစ်ခေါ် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအရိုင်းတုံးများက ပြပွဲလာသူများအား ဣန္ဒြေရရ ညို့ဓာတ်ပြ၍ ဆွဲဆောင်နေသည်။

ကျောက်မျက်ရတနာခန်းမ၏ အပေါ်ဆုံးထပ်ရှိ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာအတွဲများနှင့် ပုလဲအတွဲများ ခင်းကျင်းပြသရောင်းချမှု မြင်ကွင်းကလည်း ပြပွဲလာပရိသတ်များကို အလှဂုဏ်ဝင့်စွာဖြင့် အပေါ်စည်းက လှမ်းခေါ်မြူဆွယ်နေသကဲ့သို့ ရှိနေသည်။

ယခု (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲတွဲများကို ထူးထူးခြားခြား စီစဉ်ပြသထားသည်ကို သိသိသာသာ တွေ့ရှိရသည်။ ယခုနှစ်ပြပွဲ၌ အရေအတွက်အများဆုံး၊ အရည်အသွေးအကောင်းဆုံး အဆင့်အတန်းမြင့်မားလှသည့် ကျောက်စိမ်းနှင့်ပုလဲအတွဲ အများဆုံးအဖြစ် စနစ်တကျပြသထားသည်။

ကျောက်မျက်ရတနာခန်းမ ဝန်းကျင်၌ အဖိုးတန် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများ ပြသထားသည့် မြင်ကွင်းကျယ်ကြီးသည် ပန်းဈေးခင်းကြီးပမာ ဝေဝေဆာဆာနှင့် မင်္ဂလာအဖြာဖြာပြည့်စုံစွာ ရတနာကုန်သည်

ကျောက်စိမ်း အရိုင်းတုံးများ

(၄၂)ကြိမ်မြောက် မြန်မာ့ ကျောက်မျက် ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်း အရိုင်းတုံးများကို တွေ့ရစဉ်။ (ကြေးမုံ)

ပြည်နယ်နှင့်တိုင်းအချို့တွင် မိုးဆက်လက်ရွာသွန်း

ရန်ကုန် ဧပြီ ၆

လွန်ခဲ့သည့်နှစ်ရက်ခန့်က ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မော်လမြိုင်မြို့တွင် ၁ ဒသမ ၆၅ လက်မနှင့် ဘားအံမြို့တွင် ၁ ဒသမ ၃၄ လက်မတို့ ဖြစ်ကြသည်။

လွန်ခဲ့သည့် ၂၄နာရီအတွင်းက မွန်ပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မော်လမြိုင်မြို့နှင့် သထုံမြို့တို့တွင် သုည ဒသမ ၁၂ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ ဧပြီ ၇ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေများတွင် အများအားဖြင့် သာယာမည်။ ရွာရန် ရာနှုန်း (၆၀)ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

အချိန်အခါမဟုတ် မိုးရွာနိုင်

ရန်ကုန် ဧပြီ ၆

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းမှ အရှေ့မြောက်ဘက်သို့ ရွေ့လျားနေသော တိမ်တိုက်ကြီးကြောင့် ဧပြီ ၇ ရက်မှ ၉ ရက်အတွင်း ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း သက်ဆိုင်ရာမှ သတိပေးချက်ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အမှတ် (၈၃၇) စာဂလမ်း (၄)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဦးဇော်ဝင်းနောင်–ဒေါ်ညိုညိုထွေး မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မာ့ဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

7-4)(i).P65 10 1/1/32, 20:57

သတ္တုတွင်းဝန်ကြီးဌာန မိသားစု စုပေါင်းဒုလ္လဘရဟန်းခံရှင်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၆

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဇနီးဒေါ်စန်းစန်းတို့အား အမှူးထား၍ သတ္တုတွင်းဝန်ထမ်းမိသားစုများ၏ တတိယအကြိမ်မြောက် စုပေါင်း ဒုလ္လဘ ရဟန်းခံ ရှင်ပြုပွဲနှင့် သီလရှင်ဝတ်အလှူပွဲကို ယနေ့နံနက် ၁၀နာရီတွင် ဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ခင်မေစန်းနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ သင်္ဃန်းကျွန်းမြို့နယ် ဓမ္မဒေနီကျောင်းတိုက်မှ သံဃာတော်များ၊ ပထမရွှေကျင်ကျောင်းတိုက်မှ သံဃာတော်များ၊ မဟာသိပ္ပံကျောင်းတိုက်မှ သံဃာတော်များ၊ ကျိုက္ကဆံပရိယတ္တိ ပရိပတ္တိသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးများ၊ သတ္တုတွင်းဝန်ကြီးဌာနမှ ဒုလ္လဘရဟန်း ၅၃ပါး၊ သာမဏေ ၂၂ပါး၊ သီလရှင် ၁၈ပါးတို့ ကြွရောက်တော်မူကြသည်။

ယင်းနောက် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ သင်္ဃန်းကျွန်းမြို့နယ် မဟာသိပ္ပံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် သာသနဓဇ သီရိပဝရ ဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိဓမ္မထံမှ ပရိသတ်များက ငါးပါးသီလခံယူ တည်ဆောက်ကြပြီး ဆရာတော် သံဃာတော်များ ချီးမြှင့်သရဏဂုံ၊ ဆွမ်းကပ်ရေး သရဇ္ဈာယ်သော ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက်သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ခင်မေစန်းနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ (ရွှေကျင်)ဥက္ကဋ္ဌ သင်္ဃန်းကျွန်းမြို့နယ် မဟာသိပ္ပံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် သာသနဓဇသီရိပဝရဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိဓမ္မက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

အောင်မင်္ဂလာဓမ္မရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၆

မြောက်ဥက္ကလာပမြို့နယ်(င)ရပ်ကွက်သန္တာ(၁၇)လမ်းအောင်မင်္ဂလာဓမ္မရိပ်သာကျောင်း မိုးကုတ်အဖွဲ့ခွဲ အမှတ်(၄၁၄)တွင် ဧပြီ ၁၁ရက်မှ ၁၇ရက်ထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အောင်မင်္ဂလာ ဓမ္မရိပ်သာကျောင်း ပဓာန နာယက မြို့နယ် သံဃနာယက ဆရာတော် ဘဒ္ဒန္တဥတ္တမ အရှင်သုမြတ်နှင့် အောင်မင်္ဂလာ အရှင်ပဏ္ဍိတ (ဓမ္မာစရိယ)တို့က သစ္စာလေးပါးတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ ယောဂီဦးရေ ကန့်သတ်ချက်ရှိ၍ ဖုန်း-၆၉၀၄၄၅ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထူးခြားသည့် နေ့အပူချိန်များ

(၆-၄-၂၀၀၅)

မကွေးနှင့်မင်းဘူး

၄၀ ဒီဂရီစင်တီဂရိတ်

(၁၀၄ ဒီဂရီဖာရင်ဟိုက်)

ငါး/ပုစွန်မွေးမြူသူများ လိုင်စင်လဲလှယ်ရန်ကြေညာ

ရန်ကုန် ဧပြီ ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံအတွင်းရှိ ငါးမွေးမြူရေးလုပ်ငန်း စနစ်တကျ ဖြစ်စေရေးအတွက် ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်-၂၄/၈၉)ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

ငါးလုပ်ငန်း ဦးစီးဌာနသည် အဆိုပါ ဥပဒေနှင့်အညီ ငါး/ပုစွန် မွေးမြူခြင်းလိုင်စင်၊ ငါး/ပုစွန် သားပေါက်ထုတ်လုပ်ခြင်း လိုင်စင်၊ အလှပြငါးမွေးမြူခြင်းလိုင်စင် စသည်များကို ထုတ်ပေးလျက်ရှိရာ ယခုအခါ လိုင်စင်ရရှိထားသူများသည် ၂၀၀၄ခုနှစ်တွင် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ရရှိရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများ၌ သက်တမ်းရက်ကုန်ဆုံးပြီး ရက်ပေါင်း(၃၀)အတွင်း လိုင်စင်အသစ်လဲလှယ်ကြရန် လိုအပ်သည်။

ထို့အပြင် ငါး/ပုစွန် မွေးမြူခြင်းဆိုင်ရာ လုပ်ငန်းများကို စတင်လုပ်ကိုင်လိုသူများသည်လည်း သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနများ၌ လိုင်စင်လျှောက်ထားရယူပြီးမှ လုပ်ကိုင်ကြရမည်ဖြစ်သည်။

ငါးမွေးမြူခြင်း လိုင်စင်မရှိဘဲ ငါးမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နေကြောင်း စစ်ဆေးတွေ့ရှိရပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာထားသည်။ (သတင်းစဉ်)

မန္တလေးမဟာသင်္ကြန်ပွဲတော် ကြိုတင်စီစဉ်ဆောင်ရွက်မှုများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၆

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၄ရက်တွင် မန္တလေးမြို့သို့ ရောက်ရှိပြီး ၂၀၀၅ခုနှစ် မဟာမဲခေါင်ဒေသခွဲနိုင်ငံများပါဝင်သော မန္တလေးမဟာသင်္ကြန်ပွဲတော်အတွက် ကြိုတင်စီစဉ်ဆောင်ရွက်နေမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဧပြီ ၄ရက် ညနေပိုင်းတွင် ယဉ်ကျေးမှုကဇာတ်ရုံသို့သွားရောက်ပြီး သင်္ကြန်ပွဲတော်တွင် ဖျော်ဖြေတင်ဆက်မည့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၏ ယဉ်ကျေးမှုအကများကို ကြည့်ရှုလေ့လာပြီး အကများသည် မြန်မာ့ယဉ်ကျေးမှုကို ပေါ်လွင်စေရန်၊ မြန်မာ့ဟန်၊ မြန်မာ့မာန်ကို ခံ့ခံ့ထည်ထည်ဖော်ပြရန် ရည်ညွှန်းသင့်ကြောင်း ဖြည့်ဆည်းဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူသည် ဧပြီ ၅ရက် နံနက်ပိုင်းတွင် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများနှင့်အတူ အင်းဝဟိုတယ် မျက်နှာစာရှေ့ရှိ ဇဟိုမဏ္ဍပ်အပါအဝင် မဟာမဲခေါင်ဒေသနိုင်ငံများ ကိုယ်စားပြုမဏ္ဍပ်များ တည်ဆောက်နေမှုကိုလည်းကောင်း၊ မြန်မာနိုင်ငံနှင့် မဲခေါင်ဒေသဝင် ပြည်ပနိုင်ငံများကိုယ်စားပြု အလှပြယာဉ်များ တည်ဆောက်နေမှုအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ သင်္ကြန်ပွဲတော်(မန္တလေး) ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုများကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယခင်ထွန်းလှဟိုတယ်ဖြစ်သော မြမန္တလာဟိုတယ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒေါသရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီးဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့

၂၀၀၅ခုနှစ်၊ ဧပြီလ (၅)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၅၀၈၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ၆၃၅ (က/၁) ပြည်လမ်း ရိုးမရိပ်သာ ကမာရွတ်မြို့နယ်နေ နှစ်ဖက်သော မိဘနှင့် ဦးထွန်းလွင်အား **ရည်စူး၍** ဒေါ်ရိမ်မိသားစုက ငွေကျပ် တစ်သိန်း သုံးသောင်းကို အထွေထွေ အတွင်းရေးမှူး ဦးမင်းလွင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သတိ

အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့်အခြားနေရာများတွင်တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန်တားမြစ်သည်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးမောင်မြင့် တရုတ်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟဲနိုင်ငံတကာလေ့လာရေးဌာန(Shanghai Institute of International Studies, SIIS) ဥက္ကဋ္ဌဖြစ်သူ ပါမောက္ခ YU Xintianဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးပဒေသရာဇာခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံရာတွင် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန (Myanmar Institute of Strategic and International Studies, Myanmar - ISIS) အတွင်းရေးမှူး သံအမတ်ကြီး ဦးညွန့်တင်၊ အကြံပေးအရာရှိများဖြစ်ကြသော ဦးသန်းထွန်း၊ ဦးသက်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် အဆိုပါတရုတ်ကိုယ်စားလှယ်အဖွဲ့အား သံအမတ်ကြီးဦးညွန့်တင်က ညစာဖြင့်တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟဲနိုင်ငံတကာလေ့လာရေးဌာနဥက္ကဋ္ဌ ပါမောက္ခ YU Xintian **ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

ဒုလ္လဘရဟန်းခံပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် သာဓုကန်ကျေးရွာ ရွာဦးကျောင်းတိုက်တွင် ကျောက်ဆင်တောရမှ ပဓာနကျော် ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ဧပြီ ၁၀ရက်မှ ၁၇ရက်အထိ ဒုလ္လဘရဟန်းခံပွဲ ပြုလုပ်မည်ဖြစ်ရာ ရဟန်းဝတ်လိုသူများ ဦးမြင့်ကြွယ် ရုံးဖုန်း–၂၅၂၄၁၇၊ ၂၅၄၁၇၃၊ ဦးစိုးမြင့် ဖုန်း–၆၆၃၈၆၅ တို့ထံ ဆက်သွယ်ပြီး ဧပြီ ၁၀ရက် မွန်းတည့် ၁၂နာရီအရောက် သာဓုကန်ကျောင်းတိုက်သို့ လာရောက်ကြရမည်ဖြစ်သည်။

(က–ပ)

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ယှဉ်ပြိုင် လီဗာပူးက ဂျူဗင်တပ်စ်ကို အနိုင်ရ

လန်ဒန် ဧပြီ ၅

လီဗာပူးအသင်းနှင့် ဂျူဗင်တပ်စ်အသင်းတို့သည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲအဖြစ် ဧပြီ ၅ရက်တွင် ယှဉ်ပြိုင်ကစားကြရာ လီဗာပူးက ဂျူဗင်တပ်စ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

လီဗာပူးအသင်းအတွက် အနိုင်ဂိုးများကို စာမီဟိုင်ပီယာက ၁၀မိနစ်တွင်လည်းကောင်း၊ ၂၅မိနစ်တွင် လူးဝစ်ဂါစီယာက ဒုတိယဂိုးကိုလည်းကောင်း သွင်းယူခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းအတွက် ချေပဂိုးကို ၆၃မိနစ်တွင် ကာနာဗာရိုက သွင်းယူပေးသည်။

ဟိုင်ပီယာဘယ်ခြေဖြင့် ကန်သွင်းလိုက်သောဘောလုံးသည် ဂျူဗီအသင်း၏ ဂိုးတိုင်ထောင့်သို့ တန်းတန်းမတ်မတ်ဝင်သွားခြင်းဖြင့် လီဗာပူးအသင်း ပထမဂိုး စတင်ရရှိခဲ့သည်။ ဒုတိယဂိုးကို ဂါစီယာက ဂျူဗီအသင်း၏ ဂိုးတိုင်အထက်ထောင့်ဆီသို့ကန်သွင်းကာ ဒုတိယဂိုးကို ရယူနိုင်ခဲ့သည်။

ဂျူဗင်တပ်စ်အသင်းသည် ဒုတိယပိုင်းတွင် ပက်စ်ဆိုတိုနှင့် ဒေးဗစ်ထရက်ဇီဂေးတို့ကို လူစားလဲကစားခဲ့သည်။ ဇမ်ဘရော့တာ ဖြတ်၍ပို့ပေးလိုက်သည့် ဘောလုံးကို ကာနာဗာရိုခေါင်းတိုက်သွင်းလိုက်သည့်အတွက် ဂျူဗင်တပ်စ်အသင်း နှစ်သိမ့်တစ်ဂိုး ရရှိလိုက်နိုင်ခြင်းဖြစ်သည်။ ***(အင်တာနက်)***

လီဗာပူးအသင်းမှ လူးဝစ်ဂါစီယာက ၂၅ကိုက်အကွာမှ ဂျူဗင်တပ်စ် ဂိုးတွင်းသို့ ကန်သွင်းလိုက်စဉ်။ (အင်တာနက်)

မြန်မာခါနန် တောင်သူလယ်သမားသင်တန်းကျောင်း နည်းပညာဖွံ့ဖြိုးမှုသင်တန်း ဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာခါနန် တောင်သူလယ်သမား နည်းပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း၏ (၂)နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားနှင့် ၂၀၀၅ခုနှစ် ပထမအကြိမ် တောင်သူလယ်သမား နည်းပညာဖွံ့ဖြိုးမှု သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၁ရက် နံနက် ၉နာရီက ပြင်ဦးလွင်မြို့နယ် ဒိုးကွင်းရွာရှိ သင်တန်းကျောင်း သင်တန်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ်ဝင်းမြင့်(တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး) နှင့် တာဝန်ရှိသူများ၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေ၊ ညွှန်ကြားရေးမှူး ဦးသောင်းညွန့်နှင့် တာဝန်ရှိသူများ၊ ကိုရီးယား သမ္မတနိုင်ငံ World Headquarters of Canaan Farmers' Movement (WCM)၏ ဥက္ကဋ္ဌ ဒေါက်တာကင်(မ)ဘွန်အီးနှင့် တာဝန်ရှိသူများ၊ သင်တန်းကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေနှင့်ဒဗလျူစီအမ်ဥက္ကဋ္ဌ ဒေါက်တာကင်(မ)ဘွန်အီးတို့က သင်တန်းကျောင်း၏ အောင်မြင်တိုးတက်နေမှုများကို ပြောကြားကြပြီး သင်တန်းသား ၂၉ဦးတို့အား သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်ပေးအပ်ကြသည်။

ပေးအပ်

ထို့နောက် ဆီအော အမျိုးသားတက္ကသိုလ်မှပေးပို့လှူဒါန်းသော စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ဘာသာရပ်စာအုပ် ၄၇၁၅အုပ်ကို ဥက္ကဋ္ဌ မစ္စတာလီယန်ချန်းက မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေသို့ ပေးအပ်သည်။

(အပေါ်ဝဲပုံ)

ပန္နက်တင်ပေး

အခမ်းအနားအပြီးတွင် ကိုရီးယားသမ္မတနိုင်ငံ ကကျိုင်ကာ (KOICA)မှ ဆောက်လုပ်လှူဒါန်းသော ကွန်ပျူတာခန်းမအဆောက်အအုံ အုတ်မြစ်ချမည့်နေရာတွင် ပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပရာ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေနှင့် ဥက္ကဋ္ဌ ဒေါက်တာကင်(မ)ဘွန်အီးတို့က ရွှေတူ၊ ရွှေပန္နက်တို့ဖြင့် ပန္နက်တင်ပေးကြသည်။

(စိုက်/မွေး)

အိုင်တီပညာ ဖွံ့ဖြိုးရေး စာမေးပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၆

IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)က ကြီးမှူးကျင်းပမည့် Japan-Myanmar Cross Certification (JITEC) စာမေးပွဲကို မေ ၁၄ရက်တွင် ကျင်းပမည်ဖြစ်သည်။

စာမေးပွဲ စစ်ဆေးမည့်ဘာသာရပ်မှာ Japan-Myanmar Cross Certification IT Engineer Exam သင်ရိုးညွှန်းတမ်းအတိုင်းဖြစ်ပြီး ဝင်ရောက်ဖြေဆိုလိုသူများသည် လှိုင်မြို့နယ် MICT Parkရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ရုံး ဖုန်း–၆၅၂၃၀၇၊ ၇၀၇၅၀၃တို့သို့ အသေးစိတ် စုံစမ်းမေးမြန်းနိုင်သည်။

လျှောက်လွှာများကို မေ ၁၁ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပြီး အနီးကပ်သင်တန်းများကို ဧပြီ ၂၅ရက်တွင် စတင်ပို့ချမည်ဖြစ်သည်။

(သတင်းစဉ်)

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်(စ်)ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ ထောင် (၁)နှစ်

၂။ ကစားသူ ထောင် (၃)နှစ်

၃။ ထုတ်လုပ်ရောင်းချသူ ထောင် (၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဧပြီလအတွက်

(၁၀–၄–၂၀၀၅)ရက်နေ့

နှင့်

(၂၄–၄–၂၀၀၅)ရက်နေ့

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၃)ရပ်ကွက် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြတ်ဒါန ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၈ရက်ကကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမောင်မောင်သန်း၊ ပြန်/ဆက်ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

လီယွန်နှင့် ပီအက်စ်ဗီ တစ်ဂိုးစီဖြင့် သရေပွဲဖြစ်

ပါရီ ဧပြီ ၅

လီယွန်အသင်းနှင့် ပီအက်စ်ဗီအင်ဒိုဗန်အသင်းတို့၏ ကွာတားဖိုင်နယ် ပထမအကျော့ပွဲကို ဂါလင်ကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

ဆာလ်ဗီယန်ဝီလ်တော့ဒ် ပေးလိုက်သောဘောလုံးကို ဖလောရန်မာလိုဒါက ကန်သွင်းလိုက်သဖြင့် ပွဲစပြီး ၁၅မိနစ် မပြည့်မီမှာပင် လီယွန်အသင်း ဦးဆောင်ဂိုး ရရှိသည်။

ပီအက်စ်ဗီအင်ဒိုဗန်အသင်းမှ ဖိလစ်ပ်ကိုကူးနှင့် ပတ်ဂ်ဂျီဆောင်တို့ အပေးအယူလုပ်ပြီး ဂိုးဧရိယာအစပ်မှ ကိုကူးကန်သွင်းလိုက်သဖြင့် ပီအက်စ်ဗီအသင်း ချေပဂိုးရရှိသွားသည်။ ***(အင်တာနက်)***

မင်းလှမြို့နယ်တွင် နွေစပါး ထွန်တုံးပိတ်ပွဲကျင်းပ

မင်းလှ မတ် ၃၁

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် နွေစပါး ထွန်တုံးပိတ်ပွဲ အခမ်းအနားကို မတ် ၁၁ ရက်က မင်းလှမြို့နယ် ဝက်လှကြီး ကျေးရွာအုပ်စု မကျီးကွင်းကျေးရွာ တောင်သူ ဦးတင်ရှိန်၏ လယ်ကွင်းတွင် ကျင်းပသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းဦး၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှု ကော်မတီဝင်များ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

စိုက်ပျိုး

မင်းလှမြို့နယ်တွင် ၂၀၀၄-၂၀၀၅ ခုနှစ်အတွက် နွေစပါး ဧက ၃၇၅၀ စိုက်ပျိုးရန်လျာထားချက် ကျော်လွန်ပြီး ၃၉၉၃ ဧကစိုက်ပျိုးခဲ့သည်။

(စိုက်ပျိုးရေး)

မတ် ၂၅ ရက်က ပေါင်းလောင်းအသင်း ရန်ကုန်မှ ကြီးမှူး၍ နိုင်ငံတော်မှ ချီးမြှင့်ပေးအပ်သော သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဦးဆန်းလွင်အား ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကို ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်ခန်းမ၌ ကျင်းပရာ ပေါင်းလောင်းအသင်းဥက္ကဋ္ဌ ဦးကျင်တီ ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

ဓာတ်ငွေ့သုံးခြွေလှေ့စက် ထိန်းသိမ်းခြင်းသရုပ်ပြ

မြောင်းမြ မတ် ၂၇

ဧရာဝတီတိုင်း မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စီစဉ်မှုဖြင့် ဘက်ထရီသုံး စပါးရိတ်စက်နှင့် (CNG) ဓာတ်ငွေ့သုံးခြွေလှေ့စက်များ သရုပ်ပြ ရိတ်သိမ်း/ခြွေလှေ့ခြင်း (တံစဉ်လွတ်) စာတွေ့၊ လက်တွေ့သင်တန်းကို ဖေဖော်ဝါရီ ၂၅ ရက်က မြောင်းမြမြို့နယ် ကျုံဝါးစိုက်ပျိုး ပညာပေးစခန်းတွင် ကျင်းပသည်။ **(အောက်ပုံ)**

မြောင်းမြစက်မှုဇုန်နှင့် မင်းမဟာ မော်တော်ယာဉ်ထုတ်လုပ်ရေးတို့ ပူးပေါင်းဆောင်ရွက်သော (CNG) ဓာတ်ငွေ့ဖြင့် တရုတ်နီအင်ဂျင်၊ ဇင်ဇင်းအင်ဂျင်များတွင် တပ်ဆင်ပြီး နွေစပါးစိုက်ခင်းများတွင် ရေတင်ခြင်း၊ ဒိုင်နမိုအင်ဂျင်နှင့်တွဲဖက်၍ ကျေးရွာမီးလင်းရေးတွင် အသုံးပြုခြင်း၊ စပါးခြွေလှေ့စက်များတွင် တပ်ဆင်အသုံးပြုခြင်းဖြင့် မြောင်းမြခရိုင်အတွင်းရှိ ကျေးရွာများ၌ တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်။

(မြို့နယ်ပြန်/ဆက်)



ကြေးမုံ The Mirror

မြို့နယ်သတင်းများ

နောက်မီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာန စက်ရေတွင်းဖွင့်

ဖျာပုံ မတ် ၃၁

ဖျာပုံခရိုင် အမာမြို့နယ် နောက်မီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာန စက်ရေတွင်းဖွင့်ပွဲကို မတ် ၁၉ ရက်က နောက်မီးကျေးရွာ ကျေးလက် ကျန်းမာရေးဌာနတွင် ကျင်းပသည်။

နောက်မီးကျေးရွာ ရွာမကျောင်း ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ ဆရာတော်အမှူးထား၍ နယ်မြေခံတပ်မှ ဗိုလ်ကြီး ဟိန်းသူအောင်၊ ကျေးရွာဥက္ကဋ္ဌ ဦးအေးလှိုင်နှင့် ကျေးရွာကျန်းမာရေးမှူး ဦးဇော်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

စက်ရေတွင်းကို ရွာမကျောင်း ဆရာတော်အား အမှူးထား၍ စိန်တိုးမြတ်မိသားစု၊ ဦးထွန်းရင် ဒေါ်ထွေးရီ မိသားစု၊ ဦးစိန်လှ ဒေါ်တင်တင်ယဉ်မိသားစု၊ ဦးထွန်းကြိုင် ဒေါ်ဘေဘီသောင်း မိသားစု၊ ဦးမြင့်အောင် ဒေါ်သန်းသန်းအေး မိသားစုတို့က တစ်ဦးလျှင် ကျပ် ၂၅၀၀၀၀ ဖြင့် မတည်လှူဒါန်းကြပြီး သုံးသိန်းကျော်တန် ရေတိုင်ကီအား အလှူရှင်လေးဦးက စုပေါင်းလှူဒါန်းကြသည်။

(ကျန်းမာရေး)

ကွင်းဆင်းကြည့်ရှု

ကြို့ပင်ကောက်မြို့နယ် ဥက္ကံ ကျေးရွာနေ ဒေါ်ဖြူဖြူသင်း၏ ကျေးလက်အိမ်ရာ ဆောက်လုပ်နေမှုကို မတ် ၂၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၉၁၈၀၀၀ ဖြင့် အောင်မင်္ဂလာရပ်ကွက် နန်းတော်လမ်း အရှည် ၄၃၅ ပေ၊ အကျယ် ၁၂ ပေအား ကတ္တရာလမ်း အဆင့်မြှင့်ခင်းကျင်း မှုကို အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်သန်းသန်းက ရှင်းလင်းတင်ပြပြီး အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့် လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်တိုးတို့က ကွင်းဆင်း ကြည့်ရှုဆောင်ရွက်စဉ်။

(နယ်စပ်စည်ပင်)

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ကျင်းပ

မြဝတီ မတ် ၂၈

မြဝတီခရိုင် ၂၀၀၅ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီက မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦးက အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များကို မြဝတီမြို့နယ် ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာခင်မောင်ညွှန့်က ဖတ်ကြားသည်။ **(ခရိုင်ပြန်/ဆက်)**

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင် ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြ လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၆ ရက်က လက်တွေ့ မီးငြိမ်းသတ်နည်း သရုပ်ပြစဉ်။

(မြို့နယ်ပြန်/ဆက်)

ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်

နမ့်ခမ်း ဧပြီ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပြင်ဆင်ထိန်းသိမ်းရေး အဖွဲ့သည် ကျေးရွာစာသင်ကျောင်း ရေပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မတ် ၃၀ ရက်က ခွန်ကျေးရွာ မူလတန်းကျောင်းရှိ လက်နှိပ်ပန့် ပြုပြင်ခြင်း၊ ရေပိုက်များ ပြုပြင်ခြင်း၊ ရေကန် ဆေးကြောသန့်ရှင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ကြီးကြပ်ဆောင်ရွက်

လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုး(လက်ထောက်ညွှန်ကြားရေးမှူး)နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်ဦးတို့က ကြီးကြပ်ဆောင်ရွက်ပေးသည်။

(မြို့နယ်စည်ပင်)

ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် မြို့ပြ(သာမန်) ဖြည့်စွက်လုပ်ငန်းဖြစ်သည့် ကြခတ် (အမက) ကျောင်းအဝင်လမ်း ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းကို မတ် ၂၉ ရက်က အငယ်တန်းအင်ဂျင်နီယာ-၃ ဦးမျိုးမင်းထွဋ် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အရန်သားဖွားသင်တန်းဖွင့်

ပေါင် မတ် ၂၂

ပေါင်မြို့နယ်တွင် မိသားစု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အရန်သားဖွားဆရာမ သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ပေါင်မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းမြ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

(က-ပ)

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဧရာဝတီတိုင်းအတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး ဖျာပုံတံတား တည်ဆောက်မှုလုပ်ငန်းများ ဆောလျင်စွာပြီးစီးရေး၊ စံချိန်စံညွှန်းမီရေး မှာကြား

ရန်ကုန် ဧပြီ ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧရာဝတီတိုင်းအတွင်းရှိ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဧပြီ ၅ ရက် နံနက် ၇နာရီတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ပန်တိုင်ကျေးရွာသို့ရောက်ရှိကြရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မအူပင်လမ်းအတိုင်း ထွက်ခွာလာကြပြီး ကားလမ်းပိုင်းကြံခိုင်မှုနှင့် လမ်းဘေးဝဲ/ယာရှိ အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးနှင့် ဆောင်းသီးနှံ စိုက်ပျိုးထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့် အတူ မအူပင်မြို့နယ် မီးသွေးချောင်းကျေးရွာရှိ ကွင်းအမှတ်(၇၉၇)(ဂ)၌ လယ်သမားကြီးဦးမာလာ စိုက်ပျိုးထားသော မနောသုခမျိုး နွေစပါးစံကွက် ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံတောင်သူကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး နွေစပါးစံကွက် ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✡

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာ လယ်သမားကြီးဦးကုလား စိုက်ပျိုးထားသော သီးထပ်ရင်မျိုး နွေစပါးရိတ်သိမ်းပွဲကို ကြည့်ရှုအားပေးစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရေပေါ်၊ ရေအောက်၊ မြေပေါ်၊ မြေအောက် သယံဇာတပစ္စည်းများ ပေါကြွယ်ဝသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်စိမ်း ကျောက်မျက်နှင့် ပုလဲများသည် ကမ္ဘာ့ရတနာဈေးကွက်တွင် ထင်ပေါ်ကျော်ကြားပြီး မြန်မာ့ပုလဲနှင့် ကျောက်မျက်၊ ကျောက်စိမ်းတို့သည် ကမ္ဘာ့အသည်းစွဲ ဖြစ်ခဲ့ရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ခုနှစ်မှစတင်၍ နှစ်စဉ် ခင်းကျင်းပြသ ရောင်းချခဲ့ရာ ယခု ၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တိုင်ခဲ့ပြီဖြစ်သည်။ ယခု (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မတ်လ ၃၀ရက်မှ ဧပြီလ ၇ရက်နေ့အထိ ခင်းကျင်းပြသလျက်ရှိသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❁

သတင်းဆောင်းပါး
မြင့်လွင်

ဓာတ်ပုံ (ကြေးမုံ)

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

- ***နိုင်ငံတော်နှင့် ပြည်သူများအပေါ် စေတနာကောင်းထား စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင်ကြိုးပမ်း***
ခေါင်းကြီး(စာမျက်နှာ-၂)

- ***ယခုအခါ တပ်မတော်၏ "တပေါင်းတစည်းတည်း ပြည်ထောင်စုစွမ်းဆောင်မှု" ကြောင့် ပြည်ထောင်စုကြီးတစ်ခုလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သကဲ့သို့ လက်တွေ့ကျကျ ထိတွေ့ခံစားနေကြရပြီဖြစ်။***
ခြင်ကျား(မအူပင်)၏ ဆောင်းပါး(စာမျက်နှာ-၆)

- ***ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်လာခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်းပြီး ကျောက်မျက်ရတနာ တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်များက ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးခြင်းနှင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသာယာလာခြင်းတို့ကြောင့်ဖြစ်။***
မြင့်လွင်၏ သတင်းဆောင်းပါး(ကျောဖုံး)

အလေးချိန် ၈၄ ဒသမ ၄၀ ကီလိုဂရမ်ရှိ ကျောက်စိမ်းတုံးအမှတ် L ၁၈၉၅ အား တွေ့ရစဉ်။ (ကြေးမုံ)

ကျောက်စိမ်းများအား ပြည်ပရတနာကုန်သည်များ ကြည့်ရှုစစ်ဆေးကြစဉ်။ (ကြေးမုံ)